မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

စည်းကမ်းပြည့်ဝသည့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ပေါ်လာရေး အမျိုးသားညီလာခံကြီး မကြာမီပြန်လည်ကျင်းပမည်ဖြစ်ရာ အောင်မြင်စွာကျင်းပပြီးစီးရေး အခြားသောမိတ်ဖက်အဖွဲ့အစည်းများနှင့်လက်တွဲ၍ တက်ညီလက်ညီဝိုင်းဝန်းဆောင်ရွက် ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လိုက်လျောညီထွေဖြစ်ရန်ကြိုတင်ပြင်ဆင်

နေပြည်တော် အောက်တိုဘာ ၇

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ရေစီးဖောင်ဆန် ပြောနည်း

(စကားကြီး ၁၀ မျိုးမှ)

လှေ၊ ဖောင်များ မြစ်ညာသို့ ဆန်တက်သောအခါ လိုရာဆန္ဒရှိသမျှ ပစ္စည်းများကို တင်ဆောင်၍ ရေစီး၊ ရေလာ၊ ရေကြောင်းသွားလာမှုကိုကြည့်ပြီး ဖြည်းညင်းသာယာစွာ ဆန်တက်ပါက လိုရာခရီးသို့ ရောက်နိုင်သကဲ့သို့ စကားပြောဆိုရာတွင်လည်း အများနားထောင်ရသည်မှာ ခံသာနားလည်အောင် ဥပမာ၊ ဥပမေယျတို့ဖြင့် လိုရာရောက်အောင် ဖြည်းညင်းသာယာစွာ ပြောဆိုခြင်းသည် **“ရေစီးဖောင်ဆန် ပြောနည်း”**ဟူ၍ မှတ်သားရပါသည်။

ရေစီးဖောင်ဆန် ပြောဆိုနည်းကို ဥပမာပြရသော် ဒွါရာဝတီဘုရင်မင်းသည် တနင်္သာရီသို့ စစ်မက်ချီစဉ် ခဏစခန်းချနေကြောင်း ရာဇာဓိရာဇ်ဘုရင် သိရှိသဖြင့် တနင်္သာရီသို့ စစ်ခင်းခြင်းအား သည်းခံပါရန် တောင်းပန်စကား ပြောဆိုလိုသဖြင့် ပညာရှိအမတ်တစ်ဦးအား သဝဏ်လွှာစာပို့ စေလွှတ်ခဲ့ပါသည်။ ထိုစာကို ဒွါရာဝတီမင်း ဖတ်ရသောအခါ စကားအသုံးအနှုန်းတွင် **“အဆွေတော်”**ဟု သုံးနှုန်းထားသည်ကို နှစ်သက်ခြင်းမရှိဘဲ အမျက်ဒေါသ ထွက်ခဲ့လေသည်။

ဒွါရာဝတီမင်း၏ ထင်မြင်ချက်မှာ အချင်းချင်းဖြစ်၍ **“အကြည်တော်”** ဟူသော အသုံးအနှုန်းကို သုံးနှုန်းလက်ခံလိုသည့် စိတ်ထားရှိဟန်တူပါသည်။ ထိုအခြင်းအရာကို သိမြင်ရသည့် ရာဇာဓိရာဇ်မင်း၏ ပညာရှိအမတ်က အဆွေတော်ဟူသော အသုံးအနှုန်းသည် ရေးကျမ်းဂန်များအလာအရ မည်မျှ အဆင့်မြင့် မြင့်မြတ်လှကြောင်းကို လျှောက်ထားခဲ့သည်မှာ မင်းမဖြစ်သေးသော သူတို့အချင်းချင်း ဆက်ဆံကြရာဝယ် အကြည်တော်ဟူ၍သာ သုံးနှုန်းခဲ့ကြပြီး ကေရာဇ်မင်းဖြစ်ပြီးသောသူများသာလျှင် ကေရာဇ်မင်းအချင်းချင်း **“အဆွေတော်”**ဟု သုံးနှုန်းခဲ့ကြောင်း ရှေးထုံးသာဓကအဖြစ် ဒွါရာဝတီမင်း နားဝင်အောင် လျှောက်ထားသည့်အခါ ပညာရှိအမတ်၏ လျှောက်ထားချက်စကားကို ဒွါရာဝတီမင်း လွန်စွာမှပင် အားရဝမ်းမြောက်မှု ပြုခဲ့ပါသည်။

ဤသို့ စကားပြောရာတွင် နားဝင်လာအောင် လိမ္မာပါးနပ်စွာဖြင့် ပြောကြားခြင်းမျိုးကို **“ရေစီးဖောင်ဆန် ပြောနည်း”**ဟု မြန်မာတို့ ဆိုစမှတ်ပြုခဲ့ကြသည်။

(စကားပြောနည်း ဆက်လက်ဖော်ပြပါမည်)

(သာသနာရေး)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

ရောဂါဆိုးကြီးများ ကာကွယ်တိုက်ဖျက်မှု ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးပါသည့် အခန်းကဏ္ဍက ပါဝင်နေသည်။ ထို့ကြောင့် **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"** ဟူသည့် လူမှုရေးဦးတည်ချက်နှင့်အညီ အမျိုးသားကျန်းမာရေးစီမံကိန်းများ ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရန် ဆေးရုံများ၊ ဆေးပေးခန်းများ၊ ကျေးလက် ကျန်းမာရေးဌာနများကို နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံး ဖြန့်ကြက်ပြီး တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

ထို့အပြင် တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတိုးမြှင့်ပေးနိုင်စေရန် တည်ရှိပြီးဆေးရုံများကို အဆင့်မြှင့်တင်ပေးမှုများ၊ ခုတင်(၃၀၀)ဆံ့၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးများအပါအဝင် အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးမှုများ ဆောင်ရွက်ခဲ့သည်။ ဆေးရုံကြီးတိုင်းတွင် ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ခွဲစိတ်ကုသမှုဆိုင်ရာ ခေတ်မီပစ္စည်းကိရိယာများကို အဆင့်မြှင့်တင် တပ်ဆင်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရက ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး မြင့်မြင့်မားမားပေးနိုင်စေရေးအတွက် စီမံကိန်းများချမှတ်ပြီး ရည်မှန်းချက်ရှိရှိ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းသည် ထူးထူးခြားခြား တိုးတက်မြင့်မားလာခဲ့ပြီဖြစ်သည်။

ယခင်ကာလက ပြည်သူများအား ဒုက္ခပေးခဲ့သည့် ရောဂါဆိုးကြီးများသည်လည်း အချို့ဆိုလျှင် ထိန်းချုပ်နိုင်သည့်အဆင့်၊ အချို့ဆိုလျှင် လုံးဝကင်းစင်သည့်အဆင့်၊ အချို့ဆိုလျှင် ပြည်သူများအတွက် အန္တရာယ် ဖြစ်စေသည့်အနေအထား မရှိတော့သည့်အဆင့်သို့ ကျဆင်းလျက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရ၏မူဝါဒမှန်ကန်မှု၊ အကောင်အထည်ဖော်မှုစနစ် ထိရောက်မှန်ကန်မှု၊ ပြည်သူများ၊ လူမှုရေးစိတ်ဓာတ် ထက်သန်သူများနှင့် ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများက တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများကြောင့် HIV-AIDS ရောဂါကာကွယ်တားဆီးရေး၊ ကုသရေးလုပ်ငန်းများ အပါအဝင် ရောဂါဆိုးကြီးများ ကာကွယ်တားဆီး တိုက်ဖျက်ရေးလုပ်ငန်းများသည် မလွဲမသွေ အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ပေသည်။

ယခုအခါ နာတာရှည်ရောဂါသည်များကို တာဝန်ယူကုသပေးရန် အထူးပြု ဖွင့်လှစ်ခဲ့သည့် မင်္ဂလာဒုံ အထူးကုဆေးရုံကြီး ပေါ်ထွန်းလာပြီဖြစ်ရာ ရောဂါဆိုးကြီးများ တားဆီးကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးကို များစွာအထောက်အကူဖြစ်စေမည် ဖြစ်သည်။

မင်္ဂလာဒုံ အထူးကုဆေးရုံကြီးတွင် နာတာရှည်ရောဂါသည်များအတွက် နွေးထွေးကြင်နာသည့်ပြုစုစောင့်ရှောက်မှု၊ ထိရောက်သည့် ကုသပေးမှု၊ အရည်အသွေးမြင့်မားသည့် ကျန်းမာရေးစောင့်ရှောက်မှုတို့ ရရှိခံစားနိုင်စေရန် တာဝန်ရှိသူများအားလုံးက အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ပဋ္ဌမသင်္ဂါယနာတင် ပါဠိပိဋကတ်ကျောက်စာများကို DVD-ROM ထုတ်ဝေခြင်းဖြင့် ဗုဒ္ဓမြတ်စွာသာသနာတည်တံ့ပြန့်ပွားစေပြီး ပိဋကတ်သုံးပုံကျောက်စာများလွယ်ကူစွာကြည့်ရှုနိုင်

ရန်ကုန် အောက်တိုဘာ ၇

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် Alpha Computer Company**တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်ခဲ့သော ပဋ္ဌမသင်္ဂါယနာတင် ပါဠိပိဋကတ်ကျောက်စာများကို** DVD-ROM**ဓာတ်ပြားပေါ်သို့တင်၍ သိမ်းဆည်းခြင်း၊ ဖြန့်ချိခြင်းလုပ်ငန်း ပြီးမြောက်အောင်မြင်ခြင်း အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ သီတဂူဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင်ဉာဏိဿရ** (D. Litt, Ph. D) **အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ၊ မဟာဂန္ဓာရုံကျောင်းတိုက်မှ ဆရာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သာသနာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။**

ရှေးဦးစွာ သီတဂူဆရာတော် မဟာဓမ္မကထိကဗဟုဇနဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင်ဉာဏိဿရ (D.Litt,Ph.D)က အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းမိန့်ကြားတော်မူသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မဟာဂန္ဓာရုံကျောင်းတိုက်မှ စာချဝန်ဆောင် ဂန္ထဝါစက ရှင်ကောဝိဒါလင်္ကာရက ပဋ္ဌမသင်္ဂါယနာတင် ပါဠိပိဋကတ်ကျောက်စာများကို ဓာတ်ပြားပေါ်သို့ တင်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားတော်မူသည်။

ယင်းနောက် Alpha Computer Company မန်နေဂျင်း ဒါရိုက်တာ ဦးရဲမြတ်သူက CD ၏ သဘောတရားကို Power Point ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဂုဏ်ပြုဝမ်းမြောက်စကား လျှောက်ထားသည်။ ထို့နောက် မဟာဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတရှင်ဇနပတိက ကျေးဇူးတင်စကားပြောကြားတော်မူပြီး အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်က ဝမ်းမြောက်ကြောင်း လျှောက်ထားသည်။

ဆက်လက်၍ မဟာဂန္ဓာရုံကျောင်းတိုက် နာယက ဆရာတော်က ဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်နှင့်တာဝန်ရှိသူများအား DVD ဓာတ်ပြားများကို ပေးအပ်လှူဒါန်းသည်။

အဆိုပါ ပဋ္ဌမသင်္ဂါယနာတင် ပါဠိပိဋကတ်ကျောက်စာများကို DVD-ROM ထုတ်ဝေခြင်းဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး တည်တံ့ပြန့်ပွားစေခြင်း၊ စာပေလိုက်စားသူများ ပိဋကတ်သုံးပုံကျောက်စာမူများကို ကိုယ်တိုင်ကြည့်ရှုရာတွင် လွယ်ကူလျင်မြန်စွာ ကြည့်ရှုနိုင်ခြင်း၊ ရှေးဟောင်းအမွေအနှစ်များကို ခေတ်မီနည်းပညာများဖြင့် တာရှည်ခံအောင် သိမ်းဆည်းထားနိုင်ခြင်း၊ ဗုဒ္ဓဒေသနာတော်များကို အင်တာနက်မှတစ်ဆင့် ပြန့်ပွားစေပြီး လူသားတို့အား စီးပွားချမ်းသာပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၈-၁၀-၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"တေဝိဇ္ဇသုတ်"**

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ဟန္ဒိုင်းသူ သတို့သမီး"**
- ၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညနေပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၄၀ ၆။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၀၀ ၈။ အမေးကမ္ဘာတွေးစရာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၃။ လျှပ်တစ်ပြက်
- ၆း၄၅ ၁၄။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း-၂၂)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့ တက်လူ"** (အပိုင်း-၁၂)

ကျန်းမာရေးသတင်းစနစ်နှင့်မျိုးဆက်ပွားကျန်းမာရေးသတင်းစနစ် ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၇

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးစီမံကိန်းဦးစီးဌာနက ကျင်းပသော စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ်နှင့် မျိုးဆက်ပွားကျန်းမာရေးသတင်းစနစ် ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ချီးမြှင့်

ဆက်လက်၍ ထူးချွန်ဆုရရှိသူများအား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr. Daniel Baker၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်နှင့် တာဝန်ရှိသူများက တိုင်းကျန်းမာရေးဦးစီးဌာနမှူး တစ်ဦးအား ငွေကျပ်ငါးသိန်း၊ ဗဟိုကြီးကြပ်သူ အရာရှိနှစ်ဦး၊ စာရင်းအင်းမှူး ၁၀ဦး၊ ပြည်နယ်တိုင်းစာရင်းအင်းမှူး ၁၀ဦး၊ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်များမှ ကြီးကြပ်သူဆရာဝန် ၃၅ဦး၊ အခြေခံကျန်းမာရေး ဝန်ထမ်းအဆင့် ကြီးကြပ်သူ၄၀၊ အခြေခံကျန်းမာရေး ဝန်ထမ်းအဆင့် လုပ်ငန်းဆောင်ရွက်သူ ၄၁ဦး စုစုပေါင်း ၁၃၉ဦးတို့အား ငွေကျပ်နှစ်သိန်းစီ ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တင်ပြဆွေးနွေး

အခမ်းအနားအပြီးတွင် စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ်နှင့် မျိုးဆက်ပွား ကျန်းမာရေးသတင်းစနစ် ဆန်းစစ်ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်က ဆောင်ရွက်ပြီး သက်ဆိုင်ရာ စီမံချက်မန်နေဂျာများ၊ ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ကျေးရွာများမှ တက်ရောက်လာသူများက တင်ပြဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ရန်ကုန် အနောက်ပိုင်းခရိုင် မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ၏ (၃၁)ကြိမ်မြောက် ဘုရားကိုးဆူပူဇော်ပွဲကို အောက်တိုဘာ၆ရက်က ဘုရင့်နောင်ရှိ ရုံးချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်(ကိုယ်စား) တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(၁၉၂)

ပြည်သူစိုက်တဲ့ ပန်းတစ်ပင်

သူ့ခြံမှာ သူကြိုက်လို့
သူစိုက်တဲ့ ပန်းတစ်ပင်။
လှတယ်ထင် ယဉ်တယ်ပြော
သူ့သဘောပင်။
သူမြတ်နိုး သူခုံမင်
သူပျော်လျှင် ဒို့နှစ်သက်။
သူ့အပျော် ဒို့မနှောက်ပါဘူး
သူ့အပေါ် ဒို့မကောက်ပါဘူး
ကူထောက်မယ် မေတ္တာညွှတ်
မိတ်ဝတ်မပျက်။

ဒို့ခြံမှာ ဒို့ကြိုက်လို့
ဒို့စိုက်တဲ့ ပန်းတစ်ပင်။
ဒို့အသွင် ဒို့ယဉ်ကျေးမှု
ရှေးရှုသည့်ပင်။
ဒို့မောင်နှမ စုံစုံလင်
ပါဝင်ကြ ညီနောင်အပေါင်း
ဒို့အခြေ ဒို့အနေနဲ့
ဒို့ရေမြေ ဒို့ဘဝ
မျှတစေကြောင်း။

ဒို့ပြည်ထောင် ဒို့အရေးကိုလ
ဒို့ဆွေးနွေး ဒို့တိုင်ပင်။
တိုးပွား ပြည်သာရန်ကွယ့်
အမျိုးသား ညီလာခံတဲ့
ထက်မိုးယံ ငွေလမင်းသို့
လင်းတဲ့ရောင်စဉ်။
အနာဂတ်အတွက် ဒို့မြော်မြင်
ဒို့လမ်းစဉ် ခုနစ်ရပ်။
အပြီးလှိုင် မငြီးမလောက်ပါပဲ
အဆုံးတိုင်ခရီးရောက်အောင်
ဒို့လျှောက်မယ်မှတ်။

ဒို့ပြည်သူ ဒို့ကြိုက်လို့
ဒို့စိုက်တဲ့ ပန်းတစ်ပင်
လန်းရွှင်ဖို့ အစဉ်တွေး။
မကူညီလျှင် မနှောင့်ယှက်ပါနဲ့
နှောင့်ယှက်ကာ ရန်မူလျှင်တော့
ဒို့ပြည်သူ ဒို့ခွန်အားနဲ့
ဖယ်ရှားလိမ့်လေး။ ။

(အမျိုးသားညီလာခံကိုဂုဏ်ပြုလျက်–)

မြင်းမူမောင်နိုင်မိုး

မိုးကုတ်ဝိပဿနာသင်တန်း

ရန်ကုန် အောက်တိုဘာ ၇

ပခုက္ကူအသင်း (ရန်ကုန်)နဝမအကြိမ် မိုးကုတ်ဝိပဿနာ သင်တန်းကို အောက်တိုဘာ ၁၀ ရက်မှ ၂၂ရက်အထိ နေ့စဉ်မွန်းတည့်၁၂နာရီမှ ညနေ ၄နာရီအထိ ရွှေတိဂုံမြောက်ဘက်မုခ် အာဇာနည်လမ်း ပခုက္ကူဓမ္မာရုံတွင် ဓမ္မကထိက ဆရာကြီး ဦးစိန်ဝက သင်တန်းပို့ချမည်ဖြစ်ရာ ကုသိုလ်ရှင်မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

(၃၅၂)

ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့်မန္တလေးတိုင်းတို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၇

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

အလားတူ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ယနေ့ညနေပိုင်းတွင် မီးရထားဖြင့် ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိလာကြသည်။

တာဝန်ရှိသူများကကြိုဆို

အဆိုပါ ညီလာခံကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းနှင့်ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြပြီး အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ ပို့ဆောင်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးသည်။

(သတင်းစဉ်)

အမျိုးသား ညီလာခံသို့ တက်ရောက်ရန် စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့မှ ညီလာခံကိုယ်စားလှယ်များ မီးရထားဖြင့် ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းများမှ အမျိုးသားညီလာခံကိုယ်စားလှယ်များ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပမည့် အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊မန္တလေးတိုင်းနှင့်ရခိုင်ပြည်နယ်တို့မှအမျိုးသား ညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းက စတင်၍ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိလာကြသည်။

ပို့ဆောင်နေရာချထားပေး

အဆိုပါ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများက မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ တည်းခိုမည့် အိပ်ဆောင်များသို့ ပို့ဆောင် နေရာချထားပေးကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းနှင့် ပြည်နယ်နှင့်တိုင်းများမှ အမျိုးသားညီလာခံကိုယ်စားလှယ်များရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၇

အမျိုးသားညီလာခံသို့တက်ရောက်ရန် ရန်ကုန်တိုင်းနှင့် ပြည်နယ်နှင့်တိုင်းများမှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့ရှိ ကျိုက္ကဆံကွင်းသို့ ရောက်ရှိလာကြသည်။

အဆိုပါ ညီလာခံကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းနှင့် ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြပြီး အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

(သတင်းစဉ်)

ငွေပဒေသာလှူဒါန်း

အမှတ် ၁၀၇ လှည်းတန်းလမ်း လမ်းမတော်မြို့နယ်နေ ဦးစံမြင့်–ဒေါ်အေးရီ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။

(က–ပ)

ဗီယက်နမ် ရော်ဘာပြည်ပတင်ပို့မှုမြင့်တက်

ဟနွိုင်း အောက်တိုဘာ ၇

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်း ရော်ဘာတင်ပို့မှုမှ အမေရိကန်ဒေါ်လာတစ်ဘီလီယံ ရရှိမည်ဟုမျှော်မှန်းကြောင်း၊ ယမန်နှစ်က ရော်ဘာတင်ပို့မှုရရှိငွေ ၇၈၇သန်းရှိခဲ့ရာမှ မြင့်တက်လာခဲ့ခြင်းဖြစ်သည်ဟု ဒေသဆိုင်ရာကုန်သွယ်ရေးဌာနက အောက်တိုဘာ ၅ ရက်တွင် ပြောကြားသည်။

ယခုနှစ် ပထမကိုးလအတွင်းတွင် ရော်ဘာတန်ချိန် ၄၉၃၀၀၀(အမေရိကန်ဒေါ်လာ၈၄၆ သန်း)တန်ဖိုး ပြည်ပသို့ တင်ပို့ခဲ့သည့်အတွက် နှစ်ချင်းအလိုက် တိုးတက်မှု ၃၂ ဒသမ ၅ရာခိုင်နှုန်းနှင့် ၈၇ဒသမ၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၀၅ ခုနှစ်တွင် ရော်ဘာစိုက်ဧက ဟက်တာ ၅၀၀၀၀၀ ရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်တွင် ဟက်တာ ၇၀၀၀၀၀ စိုက်ပျိုးရန် အစီအစဉ်များချမှတ် ဆောင်ရွက်လျက်ရှိသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ်တွင် စတုတ္ထအကြီးဆုံးရော်ဘာတင်ပို့သည့်နိုင်ငံဖြစ်သည်။ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ ဂျာမနီနှင့် အမေရိကန်နိုင်ငံများသို့ အဓိကတင်ပို့ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ ကူတာကမ်းခြေ၌ ဘာလီလူမျိုးများနှင့်အတူ ကမ္ဘာလှည့် ခရီးသည်များ ပါဝင်၍ လိပ်လွှတ်ပွဲတော် ကျင်းပနေသည်ကို အောက်တိုဘာ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရှန်ဆန်းမုန်တိုင်း တိုက်ခတ်မှု ဗီယက်နမ်၌ ၅၂ဦးသေဆုံး၊ ၅၀၀ကျော်ပျောက်ဆုံး

ဟနွိုင်း အောက်တိုဘာ ၆

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကို အောက်တိုဘာ ၁ရက်မှစတင်တိုက်ခတ်သွားခဲ့သော ရှန်ဆန်းမုန်တိုင်းကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့သည်။

ယင်းမုန်တိုင်းကြောင့် အောက်တိုဘာ ၄ရက်အထိ လူ ၅၂ဦး သေဆုံးကြောင်း၊ ထို့အပြင် ခုနစ်ဦးပျောက်ဆုံးပြီး ၅၃၄ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ရေလွှမ်းမှုနှင့် မုန်တိုင်းဒဏ်ကာကွယ်တားဆီးရေးကော်မတီက သတင်းထုတ်ပြန်သည်။

အဆိုပါ မုန်တိုင်းသည် ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဒါနန်မြို့ကို ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူ ၂၂ ဦးသေဆုံးပြီး လေးဦးပျောက်ဆုံးခဲ့ကြောင်း၊ အခြားမြို့များသို့လည်း တိုက်ခတ်သွားခဲ့ကြောင်း အဆိုပါကော်မတီက ပြောကြားသည်။

ထိုမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံတွင် ယခုနှစ်၌ ခြောက်ကြိမ်မြောက် ဝင်ရောက်တိုက်ခတ်သော မုန်တိုင်းဖြစ်ပြီး လူနေအိမ် ၂၅၉၁၀၀ ပျက်စီးကာ သစ်ပင်နှင့် လျှပ်စစ်ဓာတ်တိုင် ထောင်ပေါင်းများစွာ ပြိုလဲသွားခဲ့သည်။

ထို့အပြင် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရာ စုစုပေါင်းပျက်စီးမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၆၂၈ ဒသမ၉ သန်းခန့်ရှိကြောင်း အဆိုပါကော်မတီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗီယက်နမ်နိုင်ငံ၌ ရှန်ဆန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရေလွှမ်းမှုဖြစ်ပေါ်သည့် ဒေသများကို အောက်တိုဘာ ၄ ရက်က ဝေဟင်မှ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယလေတပ်တွင် လေယာဉ်သစ်များ အသုံးပြုမည်

နယူးဒေလီ အောက်တိုဘာ ၇

ကမ္ဘာပေါ်တွင် စတုတ္ထမြောက် အကြီးမားဆုံးလေတပ်စွမ်းရည်မျိုး ဖြစ်လာရေးအတွက် ဆောင်ရွက်ရန် လာမည့်နှစ်မှ စတင်ကာ လေယာဉ်များ၊ လက်နက်နှင့် ဒုံးကျည်သစ်များဖြင့် ဖြည့်တင်းတပ်ဆင်သွားမည်ဖြစ်ကြောင်း အိန္ဒိယလေတပ်အကြီးအကဲက အောက်တိုဘာ ၅ရက်၌ ပြောကြားသည်။

ထိန်းချုပ်

၂၀၀၇ခုနှစ်တွင် လေယာဉ်များ၌ ဗြိတိန်နိုင်ငံ၏ ဗုံးသတိပေးစနစ်နှင့် ထိန်းချုပ်မှုစနစ်များကို တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်းကိုလည်း အိန္ဒိယလေတပ်အကြီးအကဲ ဗိုလ်ချုပ်အက်စ်ပီတီယာဂျီက ပြောကြားသည်။

တပ်ဆင်

ထို့အတူ တာလတ်ပစ်နှင့် တာဝေးပစ်ဒုံးကျည်များ၊ မြေပြင်မှဝေဟင်ပစ်ဒုံး ကျည်များ၊ အနိမ့်ပျံသန်းလာမည့် လေယာဉ်များနှင့် ရဟတ်ယာဉ်များအား တိုက်ခိုက်ရန် တပ်ဆင်သွားမည်ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ်ကျန်ဒိုမြို့ရှိ အပြည်ပြည်ဆိုင်ရာ ရွက်လှေပြိုင်ပွဲ ကျင်းပနေသည်ကို အောက်တိုဘာ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကွာလာလမ်ပူနှင့် ဘေရွတ်မြို့အကြား လေကြောင်းပျံသန်းပြေးဆွဲမှုပြန်စမည်

ကွာလာလမ်ပူ အောက်တိုဘာ ၇

ကွာလာလမ်ပူနှင့် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့အကြား အောက်တိုဘာ ၁၅ ရက်မှစ၍ လေကြောင်းပျံသန်းမှု ပြန်စမည်ဖြစ်ကြောင်း မလေးရှား လေကြောင်းလိုင်းက အောက်တိုဘာ ၅ရက်၌ ပြောကြားလိုက်သည်။

လေယာဉ်များသည် ကွာလာလမ်ပူမှ ဘေရွတ်၊ ယင်းမှတစ်ဆင့် ဒူဘိုင်းသို့ အပတ်စဉ် အင်္ဂါ၊ သောကြာနှင့် တနင်္ဂနွေနေ့များတွင် ထွက်ခွာမည်ဖြစ်ပြီး ဘေရွတ်မှအပြန် လေယာဉ်များသည် အလားတူရက်များတွင် ပြန်လာပြီး နောက်တစ်ရက်တွင် ကွာလာလမ်ပူမြို့သို့ ရောက်ရှိမည် ဖြစ်ကြောင်း မလေးရှားလေကြောင်းက ပြောကြားသည်။

ယင်းလေကြောင်းလိုင်းပျံသန်းပြေးဆွဲမှုကို ယခုနှစ်ဇူလိုင်လက အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ရပ်ဆိုင်းထားခဲ့သည်။

ထိုလေကြောင်းလိုင်းသည် ကွာလာလမ်ပူ-ကိုင်ရို ခရီးစဉ်ကိုလည်း နိုဝင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

လိုဏ်ဂူအတွင်း ရှစ်နှစ်ကြာရှောင်တိမ်းနေသူ ရဲတပ်ဖွဲ့ထံ သွားရောက်အဖမ်းခံခဲ့

ဖူကျိူ့ အောက်တိုဘာ ၇

တရားဥပဒေ၏ အပြစ်ပေးမှုကို ရှောင်တိမ်းရန်အတွက် အိပ်ခန်းနံရံ၏ နောက်ဘက်တွင် လိုဏ်ဂူတစ်ခုတူးကာ ရှစ်နှစ်ကြာ ပုန်းခိုနေခဲ့သော အသက် ၃၅ နှစ်အရွယ်ရှိ တရုတ်အမျိုးသားတစ်ဦးက ရဲတပ်ဖွဲ့ထံ သူကိုယ်တိုင် အဖမ်းခံခဲ့ကြောင်း သိရသည်။

ပစ်ခတ်

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျိူ့မြို့တွင် နေထိုင်သော လျူယွန်အမည်ရှိ အဆိုပါတရုတ်အမျိုးသားသည် ၁၉၉၈ခုနှစ်က သေနတ်ဖြင့် လူအများအား ထိခိုက်ဒဏ်ရာရရှိအောင် ပစ်ခတ်ခဲ့သည့်အတွက် ရဲတပ်ဖွဲ့က အလိုရှိနေသူတစ်ဦးဖြစ်သည်ဟု ဖူကျိူ့မြို့ ပြည်သူ့လုံခြုံရေးဗျူရိုက အောက်တိုဘာ ၄ ရက်၌ ပြောကြားသည်။

ပြောကြား

လျူယွန်၏နေအိမ်သည် တောင်ကုန်းတစ်ခုကို အမှီပြု၍ တည်ဆောက်ထားခြင်းဖြစ်ပြီး ၎င်း၏အိပ်ခန်းနံရံ နောက်ဘက်တွင် စတုရန်းသုံးမီတာကျယ်သော မြေလိုဏ်ဂူတစ်ခုတူးကာ ရှစ်နှစ်ကြာနေထိုင်ခဲ့ခြင်းဖြစ်သည်။

လျူယွန်သည် နေ့ဘက်တွင် မြေလိုဏ်ဂူအတွင်းမှထွက်ကာ တံခါးများပိတ်ထားသော နေအိမ်အတွင်း အဝတ်လျှော်ခြင်း၊ ချက်ပြုတ်စားသောက်ခြင်း၊ သတင်းစာဖတ်ခြင်း၊ ရုပ်မြင်သံကြားကြည့်ရှုခြင်းတို့ ပြုလုပ်ပြီး ညဘက်တွင် မြေလိုဏ်ဂူအတွင်း ပြန်ဝင်အိပ်ခဲ့ကြောင်း ၎င်းကဝန်ခံ ပြောကြားခဲ့သည်။

ဆုံးဖြတ်ခဲ့

ညဘက်တွင် အိပ်ခန်းတွင်း ပြန်အိပ်ရန် ကြိုးစားခဲ့သော်လည်း ကားဟွန်းသံများ၊ ခွေးဟောင်သံများနှင့် အခြားလူသံများ ကြားရပါက မြေလိုဏ်ဂူအတွင်း အလျင်အမြန် ပြေးဝင်ပုန်းအောင်းနေရသဖြင့် ညပိုင်းတွင် မြေလိုဏ်ဂူအတွင်း အိပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

သူ့အနေဖြင့် လိုဏ်ဂူအတွင်း ပုန်းလျှိုနေထိုင်နိုင်သော်လည်း ဇနီးသည်တွင် အကြွေးအမြောက်အမြား တင်လျက်ရှိနေကြောင်း၊ မြေလိုဏ်ဂူအတွင်း နှစ်ရှည်စွာနေထိုင်ခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုနှင့် အခြားပြဿနာများ ဖြစ်လာကြောင်း၊ ထို့ကြောင့် အောက်တိုဘာ ၃ ရက်၌ ကိုယ်တိုင် အဖမ်းခံခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ထိုင်း ဒုတိယဝန်ကြီးချုပ်ဟောင်း ကုလအတွင်းရေးမှူးချုပ်ရာထူး ယှဉ်ပြိုင်မှုမှ ရုပ်သိမ်း

ဗန်ကောက် အောက်တိုဘာ ၇

ထိုင်းယခင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဆူရာကီယက်ဆတ်သီရာထိုင်းအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် အမည် စာရင်းပေးထားခြင်းကို ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ထိုင်းကြားဖြတ်အစိုးရ ဝန်ကြီးချုပ် စူရာယုဒ်ချူလာနွန်က အောက်တိုဘာ ၅ ရက်က ပြောကြားခဲ့သည်ကို ထိုင်းနယူးအေဂျင်စီက ဖော်ပြသည်။

အဆိုပါ ဒုတိယ ဝန်ကြီးချုပ်ဟောင်းအား အသစ်ရွေးချယ်လိုက်သော ဝန်ကြီးချုပ်က အောက်တိုဘာ ၅ ရက်က အစိုးရအိမ်တော်၌ တွေ့ဆုံခဲ့ပြီးနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးယှဉ်ပြိုင်မှုမှ နုတ်ထွက်ရန် ဆုံးဖြတ်ချက်ကို တရားဝင် အသိပေးလိုက်သည်။

အောက်တိုဘာ ၂ ရက်က နယူးယောက်၌ အဆိုပါကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူးအတွက် တရားဝင် မဲခွဲဆုံးဖြတ်ရာတွင် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်းက အလားအလာကောင်းနေသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ ရှူးဖိနပ်ထုတ်လုပ်သည့် စက်ရုံတစ်ရုံ၌ ရှူးဖိနပ်များ ထုတ်လုပ်နေသည်ကို အောက်တိုဘာ ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်၌ ပတ်ဝန်းကျင်ထိန်းသိမ်း၊ စက်ရုံ ၂၁၃ ရုံ ပိတ်သိမ်း

ပေကျင်း အောက်တိုဘာ ၇

တရုတ်နိုင်ငံသည် လွန်ခဲ့သော သုံးနှစ်ကျော်က စက်မှုလုပ်ငန်း ညစ်ညမ်းမှုများလျှော့ချနိုင်ရန်အတွက် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ စက်ရုံ ၂၁၃ ရုံကို ပိတ်ပစ်ခဲ့ကြောင်း တရုတ်ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းကာကွယ်ရေးရုံး၏ ကြေညာချက်တွင် ဖော်ပြသည်။

အတွင်း မွန်ဂိုလီးယားနှင့်နင်စီယာဟွိုင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အခြားစက်ရုံ ၈၇၃ ရုံကို ပိတ်သိမ်းရန် ဆိုင်းငံ့ထားကြောင်း ယင်းအဖွဲ့က ပြောကြားသည်။

တရုတ်နိုင်ငံတွင် ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် အဆောက်အအုံများ ပြုပြင်မွမ်းမံရန် အတွက် ယွမ်ငွေ ၁၃ သမ ၄၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၈၁ သန်းခန့်) ကုန်ကျမည်ဖြစ်ကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။

စစ်ဆေး

စက်မှုညစ်ညမ်းမှုများ လျှော့ချရန်သုံးနှစ်တာကာလအတွင်း စိစစ်ဆောင်ရွက်ခဲ့ရာ ပြည်နယ်နှင့်ဒေသလေးခုပါဝင်ကြောင်း၊ စက်ရုံ ၁၀၈၆ ရုံကို စစ်ဆေးခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ကယ်လီဖိုးနီးယားပြည်နယ်မှ အသက်အကြီးဆုံးအမျိုးသမီး ၁၁၂ နှစ်မြောက်မွေးနေ့ပွဲကျင်းပ

လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၇

ကယ်လီဖိုးနီးယားပြည်နယ်မှ အသက်အကြီးဆုံး အမျိုးသမီး ကာထရင်ဘိန်းစ်သည် ၎င်း၏ (၁၁၂)နှစ်မြောက်မွေးနေ့ပွဲကို ပြည်နယ်ဆေးရုံတွင် အောက်တိုဘာ ၄ ရက်က ကျင်းပခဲ့သည်။ ဘာသာတရားကို ယုံကြည်ပြီး သန့်ရှင်းစွာ နေထိုင်ခဲ့ခြင်းကြောင့် အသက်ရှည်စွာနေထိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

ကောင်းမွန်

ဘိန်းစ်သည် ၁၈၉၄ ခုနှစ် ဧပြီလ ၆ ရက်တွင် မွေးဖွားခဲ့သူဖြစ်သည်။ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း၊ ယခုအခါ လမ်းမလျှောက်နိုင်တော့ကြောင်း၊ သို့ရာတွင် အစားကောင်းကောင်းစားနိုင်ပြီးစကားများစွာ ပြောနိုင်သေးကြောင်းဖြင့် ကေစီအေ၁၉ ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။ သူမတွင် သမီးတစ်ဦးရှိပြီး အသက်၁၈နှစ်အရွယ်တွင် သေဆုံးသွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း



နိုင်ငံတကာ သတင်းများ

မလေးရှား၌ အမျိုးသားအာကာသဌာန ဖွင့်လှစ်

ကွာလာလမ်ပူ အောက်တိုဘာ ၇

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ အနောက်တောင်ဘက် ကီလိုမီတာ ၁၅၀အကွာ၌ မလေးရှားအမျိုးသား အာကာသဌာနတစ်ခု ဖွင့်လှစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလ် အာမက်ဘာဒါဝီက ပြောကြားသည်။

ထူထောင်

ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အာကာသနည်းပညာရပ်နှင့် သိပ္ပံနှင့်နည်းပညာရပ်များ အစွမ်းကုန်တိုးတက်ရေးမှာ အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ အာကာသသိပ္ပံပညာရပ်ဆိုင်ရာ တီထွင်မှုများ ရှာဖွေရေး သုတေသနဌာန ထူထောင်ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ကြိုးစားဆောင်ရွက်

မလေးရှားနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးပြီး နိုင်ငံတစ်နိုင်ငံဖြစ်ရန် ရည်မှန်းထားရှိကြောင်း၊ အသိပညာနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အခြေခံကာ ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ဘာဒါဝီက ပြောကြားသည်။

တီထွင်စမ်းသပ်

အမျိုးသား အာကာသဌာန၌ ဂြိုဟ်တုဆက်သွယ်ရေးစနစ်၊ ဓာတ်ခွဲစမ်းသပ်မှုများနှင့် ခေတ်မီစမ်းသပ်တီထွင်မှုများဖြင့် ဖွဲ့စည်းထားကြောင်း အဆိုပါအာကာသ ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှာခေါင်းမှထည့်လိုက်သောမြွေ ပါးစပ်မှ ပြန်ထုတ်ပြနိုင်သူ

တရုတ်အမျိုးသားကြီး တစ်ဦးက မြွေတစ်ကောင်ကို နှာခေါင်းမှ ထည့်သွင်းပြီး ပါးစပ်မှထုတ်ပြနေစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ရှန်ဖန်မြို့တွင် ဖူဇူပီ အမည်ရှိ အသက်(၅၇)နှစ်အရွယ် တရုတ် အမျိုးသားကြီးတစ်ဦးက မြွေတစ်ကောင်ကို သူ၏ နှာခေါင်းအတွင်းမှ ထည့်သွင်းကာ ပါးစပ်မှ ပြန်ထုတ်ကာ စွမ်းရည်ပြသခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ဝက်ဝံများ မြင်းစီးပြိုင်ပွဲ

ဝက်ဝံများ မြင်းစီးပြိုင်ပွဲဆင်နွှဲနေကြသည်ကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းမြို့တွင် ကျင်းပသည့် တိရစ္ဆာန်များ အားကစားပြိုင်ပွဲ၌ ဝက်ဝံနှစ်ကောင်က မြင်းပုလေးများစီးကာ မြင်းစီးပြိုင်ပွဲဆင်နွှဲခဲ့ကြောင်း သိရသည်။ ၎င်းပြိုင်ပွဲကျင်းပရခြင်းမှာ တရုတ်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်ရန် ဆွဲဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဘာရာဇီး၌ ရေနံနှင့်သဘာဝဓာတ်ငွေ့တွင်းသစ်တွေ့ရှိ

ရီရိုဒီဂျနေရိုး အောက်တိုဘာ ၇

ဘာရာဇီးနိုင်ငံ ဆောပေါလိုပြည်နယ်၏ ကမ်းလွန်၌ ရေနံနှင့်သဘာဝဓာတ်ငွေ့တွင်းတစ်တွင်း ရှာဖွေတွေ့ရှိကြောင်း ဘာရာဇီးနိုင်ငံပိုင် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အောက်တိုဘာ ၄ရက်၌ အတည်ပြုပြောကြားသည်။

စစ်ဆေး

အဆိုပါ ရေနံနှင့်သဘာဝဓာတ်ငွေ့တွင်းမှ တစ်နေ့လျှင် ရေနံစည် ၄၉၀၀နှင့် ဓာတ်ငွေ့ ကုဗမီတာ ၁၅၀၀၀၀ခန့် ထွက်ရှိမည်ဟု စမ်းသပ်စစ်ဆေးမှုအရ သိရှိရသည်။

သုတေသနပြု

ထိုရေနံနှင့် သဘာဝဓာတ်ငွေ့တွင်းသည် အချိန်ကာလမည်မျှအထိ ထုတ်ယူသုံးစွဲနိုင်မည်ကိုလည်း ဆက်လက် စစ်ဆေး သုတေသနပြုသွားမည်ဟု အဆိုပါလုပ်ငန်းမှ ပြောကြားသည်။

ခန့်မှန်း

ထိုရေနံတွင်းမှ ရေနံစည်သန်း ၇၀၀ခန့် ထုတ်လုပ်နိုင်မည်ဟု ကျွမ်းကျင်သူတစ်ဦးက ခန့်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌ ကျဆုံးသည့် ...

အီရတ်၌ ကန်တပ်ဖွဲ့ဝင်သေဆုံးမှု ၂၇၂၀ ကျော်ရှိပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၇

အီရတ်နိုင်ငံ ကယ်ကွတ်မြို့ မြောက်ပိုင်း၌ အောက်တိုဘာ ၃ရက်က အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး တိုက်ခိုက်ခံရပြီး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က အောက်တိုဘာ ၄ရက်တွင် ပြောကြားသည်။

သေဆုံး

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်သည် အမှတ်(၃)တပ်ရင်း၌ တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ၎င်းသည် အောက်တိုဘာ ၃ရက်က ကယ်ကွတ်မြို့အနီး၌ ရန်သူပစ်ခတ်သော ဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။

တိုက်ခိုက်

၂၀၀၃ခုနှစ် မတ်လက အီရတ်ကို အမေရိကန်ဦးဆောင်ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၂၇၂၀ကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဝန်ထမ်းများတာဝန်သိသိ သစ္စာရှိရှိ ကြိုးစားလုပ်ကိုင် ကုန်တင်ကုန်ချသွက်လက်မှန်ကန် မြန်ဆန်ရေးဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၇

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂ရက် နံနက်ပိုင်းတွင် သာကေတဆိပ်ခံ တံတားဝင်းအတွင်း မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ ခြံစည်းရိုး ကြက်ဆူစံပြစိုက်ခင်းသို့ရောက်ရှိရာ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ငြိမ်းက ခြံစည်းရိုး ကြက်ဆူပင် ၂၆၀၀ စိုက်ပျိုးဖြစ်ထွန်းမှု၊ ငါးကန်ပေါင်နှင့် ခြံစည်းရိုးပတ်လည်တို့၌ ကြက်ဆူပင်များ စိုက်ပျိုးဖြစ်ထွန်းမှု၊ ကြက်ဆူပင်သီးပွင့်နေမှု၊ ပျိုးပင်များ ပျိုးထောင်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြား၍ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးပြီး ကြက်ဆူပျိုးပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် သာကေတဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသော မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် သံလွင်သင်္ဘောသို့ ရောက်ရှိပြီး တက်မခန်း၊ ဆက်သွယ်ရေးခန်း၊ ခရီးသည်များ စားသောက်ခန်း၊ ခရီးသည်နားနေခန်း၊ ခရီးသည် အထက်တန်းအိပ်ခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြရာ ဝန်ကြီးမှ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် ဟားခါးသင်္ဘောပေါ်မှကုန်ပစ္စည်းများ တင်၊ချပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အသေးစိတ်မှာကြား

ယင်းနောက် ဝန်ကြီးကလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကုန်တင်ကုန်ချ သွက်လက်မှန်ကန်မြန်ဆန်ရေး၊ ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊ ဝင်ငွေတိုး၍ အသုံးစရိတ်များ ချွေတာရေး၊ စက်သုံးဆီများ ချွေတာသုံးစွဲကြရေး၊ ဝန်ထမ်းများအနေဖြင့် တာဝန်သိသိ သစ္စာရှိရှိ ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ကိုင်ကြရေး၊ ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်သွားကြရေးတို့ကို အသေးစိတ်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးဆောင် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၇

မန္တလေးဆောင် ကျောင်းသားဟောင်းများ၏ အနန္တဂိုဏ်းဝင်ကျေးဇူးရှင် အဆောင်မှူး ဆရာညိမ်း၊ ဒေါက်တာခင်မောင်ဝင်း၊ ဒေါက်တာသိန်းအောင်တို့အား ပူဇော်ကန်တော့ပွဲနှင့် ဘူမိဗေဒပါရဂူ ဘွဲ့လွန်သင်တန်းသားများအား ပညာဒါနအလှူငွေ ချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ၈ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ပူဇော်ကန်တော့ကြရန် ဖိတ်ကြားထားသည်။ **(က-ပ)**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် သာကေတဆိပ်ခံတံတားရှိ ဟားခါးသင်္ဘောကို ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

စမ်းချောင်းလမ်း ၁၀ရက်တရားစခန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၇

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင်သမထ ဝိပဿနာအကျင့်မြတ် အလုပ်ပေးတရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာဦးကျော်နိုင်ထွန်းက အောက်တိုဘာ ၁၅ရက်မှ၂၄ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်၂၉ ဒုတိယလွှာတွင် မွန်းတည့်၁၂နာရီမှ ညနေ၅နာရီအထိ နေ့စဉ်ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ဦးတင်မောင် ငါးနှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့ အရှေ့ရန်ကင်း ရန်ကင်းမြို့နယ် တိုက် ၂၁၂ အခန်း ၁၂နေ သားသမီးမြေး မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ဦးထွန်းစိန်ကိုရည်စူး၍ ဒေါ်စောကြွယ်နှင့် သားသမီး၊ မြေးတစ်စု အမှတ် ၉၂၁ ပြည်ထောင်စုလမ်း၊ ၅၀ ရပ်ကွက်၊ ဒဂုံမြောက်၊ ရန်ကုန်မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ရန်ကုန်-နေပြည်တော် မော်တော်ယာဉ်လိုင်းသစ်ဖွင့်

ရန်ကုန် အောက်တိုဘာ ၇

ဝင်းရတနာ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းမှ ရန်ကုန်-နေပြည်တော် (Express အမြန်ယာဉ်) မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးဝင်း ဒဂုံလမ်းရှိ ဝင်းရတနာဂိတ်ခန်းမရှေ့၌ကျင်းပရာ ဝင်းရတနာခရီးသည်ပို့ဆောင်ရေးလုပ်ငန်းမှ သီရိသုဓမ္မသိင်္ဂီ ဒေါ်လှလှနွယ်က ရန်ကုန်-နေပြည်တော်မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းတို့က မော်တော်ယာဉ်လိုင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်ပေးသည်။ **(အပေါ်ပုံ)**

နေ့စဉ်ပုံမှန်ပြေးဆွဲ

ဝင်းရတနာ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းမှ အဲယားကွန်း မှန်လုံမော်တော်ယာဉ်ကြီးများဖြင့် ရန်ကုန်မှ နံနက် ၈ နာရီတွင်တစ်စီးနှင့် ည၈နာရီတွင်တစ်စီးထွက်ခွာပြီး နေပြည်တော်မှ ရန်ကုန်သို့လည်း နံနက် ၈ နာရီတစ်စီးနှင့် ည ၈ နာရီ တစ်စီး နေ့စဉ်ပုံမှန် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ် ဂြိုဟ်ဆင်းယာဉ်အပေါ်ကျူးနစ်တီကိုဓာတ်ပုံရိုက်ယူ

အမေရိကန် အာကာသအေဂျင်စီနာဆာ၏ အင်္ဂါဂြိုဟ် လေ့လာရေးအာကာသယာဉ်သည် အင်္ဂါဂြိုဟ်ရှိ ဝိတိုရိယချိုင့်ကြီး၏ နှုတ်ခမ်းဝသို့ ရောက်နေသည့် ဂြိုဟ်ဆင်းယာဉ်အပေါ်ကျူးနစ်တီ၏ဓာတ်ပုံကို ရိုက်ယူလိုက်သည်။

ရွှေ့လိုက်ခြင်း

အင်္ဂါဂြိုဟ် လေ့လာရေးအာကာသယာဉ်သည် အင်္ဂါဂြိုဟ်သို့ ယခုနှစ်မတ်လက ရောက်ရှိပြီး သိပ္ပံဆိုင်ရာ စူးစမ်းလေ့လာမှုများ စတင်ပြုလုပ်ရန် အဓိကနေရာသို့ မကြာသေးမီကမှ ရွှေ့လိုက်ခြင်းဖြစ်သည်။

ဝိတိုရိယ ချိုင့်ကြီး၏ မြင်ကွင်းက အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးအတွက် အပေါ်ကျူးနစ်တီ ဂြိုဟ်ဆင်းယာဉ်ကို မည်သည့်နေရာသို့ စေလွှတ်ရမည်ဆိုသည့် ကိစ္စတွင် နာဆာမှ သုတေသီများအား အဆုံးအဖြတ်မှန်ကန်အောင် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

သေးငယ်

၂ဒသမ၃ မီတာကျယ်သည့် ဂြိုဟ်ဆင်းယာဉ်အပေါ်ကျူးနစ်တီအား အမြင့် ၂၉၇ ကီလိုမီတာမှ ဓာတ်ပုံရိုက်ထားသည့်ပုံမှာ အစက်ကလေး တစ်စက်ပမာ သေးငယ်နေသည်။

ထိုဒေသရှိ ကျောက်များမှာ နှစ်သန်းပေါင်းများစွာက ရေနှင့်ထိတွေ့ခဲ့သည့် ခိုင်လုံသော အထောက်အထားကို အပေါ်ကျူးနစ်တီက တွေ့ရှိသတင်းပို့ထားပြီးဖြစ်သည်။

(ကိုးကား-အင်တာနက်)



အင်တာနက် သတင်းနှင့် ဓာတ်ပုံ

အဘိုးအဘွားများသည် မြေးမြစ်များ၏အကျိုးရှေးရှု ဘ၀အတွေ့အကြုံနှင့်ယှဉ်ပြီး ပညာပေးဆုံးမ ဘိုးဘွားများအား ဗုဒ္ဓတရားတော်နှင့်အညီလိုလေသေးမရှိပြုစု

ရန်ကုန် အောက်တိုဘာ ၇

၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ငွေပဒေသာပင်၊ ဆေး၀ါးများနှင့် အသုံး အဆောင်ပစ္စည်းများလှူဒါန်းပွဲကို အောက်တိုဘာ ၁ရက်က ရေ၀တီတိုင်း ပုသိမ်မြို့သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဂုဏ်ပြုစကားပြောကြား

ရှေးဦးစွာ ရေ၀တီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် **(အပေါ်ပုံ)**က ဂုဏ်ပြုစကား ပြောကြားရာတွင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှာ အဘိုး အဘွားများသည် သားသမီးမြေးမြစ်တွေ၏ အကျိုးကို ရှေးရှု၍ မိမိတို့ဘ၀အတွေ့အကြုံတွေနှင့်ယှဉ်တွဲပြီး အသိ ပညာပေး ဆုံးမခြင်းသည် မြန်မာတို့ရဲ့ဓလေ့စရိုက် ဖြစ် ကြောင်း၊ အလားတူ သားသမီးမြေးမြစ်များကလည်း ဘိုးဘွား များကို ဗုဒ္ဓဘာသာ တရားတော်နှင့်အညီ အိမ်ဦးခန်းမှာ ထားပြီး လိုလေသေးမရှိအောင် ကျေးဇူးဆပ်စောင့်ရှောက် ပေးကြသည့် အစဉ်အလာသည် ကြီးမားနေဆဲဖြစ်ကြောင်း၊ မိမိတို့ ရေ၀တီ တိုင်းအတွင်းမှာလည်း လူမှု၀န်ထမ်း ဦးစီးဌာန အသိအမှတ်ပြု ဘိုးဘွားရိပ်သာလေးခုမှ အဘိုး အဘွားပေါင်း ၁၃၈ဦးတို့ကို ပြုစုစောင့်ရှောက်ထားပြီး စိတ်ချမ်းမြေ့စွာ တရားဘာ၀နာ ပွားများနိုင်စေရန်အတွက် နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိကြောင်း ပြောကြားပြီး လူမှုရေး အဖွဲ့အစည်းများမှလည်း နှစ်စဉ် နှစ်တိုင်းပါ၀င်ဆောင်ရွက် ကြပါရန် တိုက်တွန်းမှာကြားသည်။ ဆက်လက်၍ တိုင်းမှူး ဦးဆောင်၍ ဘိုးဘွားများအား လှူဒါန်းငွေနှင့်ပစ္စည်းများ တစ်ဦးချင်းပေးအပ်ကြသည်။

ထို့နောက် အခမ်းအနားအား ဆက်လက်ကျင်းပရာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား ကျင်းပရေးကော်မတီ(ဗဟို) လူမှု၀န်ထမ်းဦးစီးဌာနမှ ပေးပို့ လှူဒါန်းသည့် အလှူငွေအား တိုင်းလူမှု၀န်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသာထွန်းက ပုသိမ်မြို့ ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီသို့ အလှူငွေများပေးအပ် လှူဒါန်းပြီး တိုင်းမှူးနှင့် တက်ရောက်လာသူများက ဘိုးဘွား များအား ကန်တော့ကြသည်။

လှူဒါန်းနိုင်ခဲ့

အဆိုပါ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပုသိမ်မြို့ ရပ်ကွက် အသီးသီးရှိ အသက်၈၀နှင့်အထက် အဘိုး ၄၅ဦး၊ အဘွား ၈၈ဦးအား ငွေနှင့်အ၀တ်အထည်၊ လူသုံးကုန်ပစ္စည်းများ၊ ဆေး၀ါးများလှူဒါန်းခဲ့ပြီး လှူဒါန်းငွေကျပ် ၉၉၇၅၀၀နှင့် ပစ္စည်းမျိုးစုံ ကျပ် ၁၁၈၀၀၀၀ စုစုပေါင်းကျပ် ၂၁၇၇၅၀၀ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ အထက(၂)ဗဟန်းတွင်ဖွင့်လှစ်ပြသ

ရန်ကုန် အောက်တိုဘာ ၇

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ၂ရက် နံနက်၉နာရီက အထက(၂)ဗဟန်းအားကစားခန်းမ၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဦးတင်ကိုနှင့် အထက(၂)ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးရည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။ **(အပေါ်ပုံ)**

ရည်ရွယ်ချက်ရှင်း

အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုက နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီးရှေးကဆိုရိုးဆယ် မျိုး တော်၀င်စကားစဉ် ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

မရမ်းကုန်းရည်ညွှန်းစာကြည့်တိုက် ငွေရတုအကြိုမဂ္ဂဇင်းထုတ်မည်

ရန်ကုန် အောက်တိုဘာ ၇

မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ရည်ညွှန်း စာကြည့်တိုက် ၂၅နှစ်ပြည့်ငွေရတု အကြိုအဖြစ် ဘုရင့်နောင်မဂ္ဂဇင်း အမှတ်(၇)ကို ၂၀၀၇ခုနှစ် ဖေဖော် ၀ါရီလအတွင်း ထုတ်ဝေမည်ဖြစ်ရာ ဥက္ကဋ္ဌဦးကျော်စိုး(မောင်ကျေးဇူး) ဖုန်း-၆၅၁၉၄၃၊ ၅၃၉၇၃၈၊ ဒုတိယ ဥက္ကဋ္ဌ ဦးခင်ဇော်(မရမ်းကုန်း)ဖုန်း- ၆၅၀၅၆၇ တို့သို့ဖြစ်စေ၊ မရမ်းကုန်း မြို့နယ် (၂)ရပ်ကွက် မြဂန္ဓမာဈေး နောက် အမှတ် ၅၉၂-၅၉၃ ဇရာ လမ်းနှင့်ဦးထွန်းရှိန်လမ်းထောင့်ရှိ ရည်ညွှန်းစာကြည့်တိုက်သို့ဖြစ်စေ ဆက်သွယ်၍စာမူများပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဂုဏ်ပြုဆုချီးမြှင့်

စက်တင်ဘာ ၂၄ ရက်က ရွှေပြည်သာမြို့ အထက(၁) ခန်းမ ဆောင်တွင် ၂၀၀၅-၂၀၀၆ ပညာ သင်နှစ် မိဘဆရာအသင်း နှစ်ပတ် လည်အစည်းအဝေးနှင့် ပညာရည် ချွန်ဆုပေးပွဲ ကျင်းပရာ လေးဘာသာ ဂုဏ်ထူးရှင် မနီလာငြိမ်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နော် ဘီဘီအောင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(မြို့နယ် ပြန်/ဆက်)

နှစ်ဖက်သော မိဘများ နှင့် ဖခင်ကြီးဦးကျော် စိန် နှစ်နှစ်ပြည့်၊ မောင် မျိုး နိုင် ၁၀ နှစ် ပြည့်၊ သမီး နှင်းဦးခိုင် တစ်လပြည့်တို့ အား ရည်စူး၍ ရန် ကုန် မြို့ ကျောက်မြောင်း ဗျိုင်းရေအိုးစင် လမ်း အမှတ် ၃၉-အခန်း ၄ မြေညီထပ်နေ မိခင်ကြီး ဒေါ်အမာ၊ သမီး မနှင်းအေးလွင်၊ မောင်သိန်းနိုင်-မနှင်းဇော်ဝင်း၊ ဦးစောအက်ဒီဆင်-ဒေါ်အေးအေးမြတ်၊ မြေး ရာသက်ပန်နိုင်၊ ထက်ရဲရင့်နိုင်၊ သီအိုဒိုရာအက်ဒီဆင်၊ မေမိုး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကား၀ါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော် ငွေကျပ်နှစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တပညာသိရီလင်္ကာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မန္တလေးမဟာမုနိဘုရားကြီး နေ့စဉ်ဘုရားဖူးများဖြင့်စည်ကား နိုင်ငံတကာမှ နိုင်ငံခြားဧည့်သည်များလည်း လာရောက်လေ့လာ ဘုရားကြီးသန့်ရှင်းသာယာလှပရေး အထူးအလေးထားဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၇

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်၀န် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဦးစောလွင်၊ ဌာနမှူးများလိုက်ပါလျက် စက်တင်ဘာ၂၇ရက် နံနက်ရနာရီခွဲက ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီး ၀န်းကျင်သန့်ရှင်း သာယာလှပရေးလုပ်ငန်း၊ အောင်မြေသာစံမြို့နယ် လမ်း၈၀၊ ၁၂လမ်းမှ ၂၆လမ်းအတွင်း လမ်းလယ်ကျွန်းများတွင် မျက်စိပသာဒအလှပင်များ စိုက်ပျိုးထားရှိမှုနှင့် ဘုန်းတော်တိုးရပ်ကွက်အတွင်း ဖြတ်သန်းစီးဆင်းသော နဒီမြောင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို သွား ရောက် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်၀န်နှင့်အဖွဲ့ သည် ချမ်းမြသာစည်မြို့နယ် မဟာမုနိ ဘုရားကြီးတောင်ဘက် ၄၇လမ်း၊ ၈၂ လမ်းနှင့် ၈၄လမ်းကြား သန့်ရှင်း သာယာလှပရေးအတွက် ဆောင်ရွက် နေသောလုပ်ငန်းများ၊ အာနန္ဒာဘုရား ၀န်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးရာ သန့်ရှင်းရေးဌာန ဌာနမှူး ဦးတင်ထွဋ်ကျော်ကမဟာမုနိဘုရားကြီး ၀န်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ အခွန်ဌာနဌာနမှူး ဦးသာထွန်းကျော်က မဟာမုနိဘုရားကြီး၀န်းကျင်ဆိုင်ခန်း များ စနစ်တကျထွက်ရှိစေရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်၀န်က မန္တလေး မြို့ မဟာမုနိ ဘုရားကြီးသည် အထက် မြန်မာပြည် မန္တလေးမြို့၌ ဗုဒ္ဓဘာသာ ၀င်တို့ အထွတ်အမြတ်ထားရာ ဘာသာ ရေးနယ်မြေဖြစ်၍ နေ့စဉ် တစ်ပြည် လုံးမှ ဘုရားဖူးများဖြင့် အထူးစည်ကား လျက်ရှိကြောင်း၊ ထို့အပြင်စက်တင်ဘာ၊ အောက်တိုဘာ၊ နို၀င်ဘာ၊ ဒီဇင်ဘာလ များသည် မြန်မာနိုင်ငံ၏ နိုင်ငံခြား သားများ ခရီးသွားရာသီဖြစ်သဖြင့် နိုင်ငံတကာမှ နိုင်ငံခြားသား ဧည့်သည် များလည်း မဟာမုနိဘုရားကြီးသို့ နေ့စဉ်လာရောက် ၀င်ထွက် လေ့လာ ကြည့်ရှုသဖြင့် မဟာမုနိ ဘုရားကြီး ၀န်းကျင် သန့်ရှင်းသာယာလှပရေးကို အထူးအလေးထား ဆောင်ရွက်ရမည် ဖြစ်ကြောင်းမှာကြားပြီး မဟာမုနိ ဘုရားကြီး ၀န်းကျင်နှင့် အာနန္ဒာဘုရား ၀န်းကျင်ရှိ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ မြို့တော်၀န်နှင့်အဖွဲ့ သည် အောင်မြေသာစံမြို့နယ် လမ်း၈၀၊ ၁၂လမ်းမှ ၂၆လမ်းအတွင်း လမ်းလယ် ကျွန်းတွင် စိုက်ပျိုးထားသော မျက်စိ ပသာဒ အလှပင်များနှင့် ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူး ဦးနေ ဝင်းမြင့်က နန်းမြို့ ကျုံးပတ်လည် လမ်းလယ်ကျွန်းများတွင် မျက်စိပသာဒ အလှပင်များနှင့် ခြံစည်းရိုးကြက်ဆူပင် များ စိုက်ပျိုးထားရှိမှုတို့ကို ရှင်းလင်း တင်ပြသည်။

စက်ယန္တရားများနှင့်တူးဖော်

ထို့နောက် မြို့တော်၀န်နှင့်အဖွဲ့ သည်အောင်မြေသာစံမြို့နယ် ဘုန်းတော် တိုးရပ်ကွက်အရှေ့ဘက်ရှိ နဒီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားများဖြင့် တူးဖော်ဆောင် ရွက်နေမှုကိုသွားရောက်ကြည့်ရှုစစ်ဆေး ကြောင်း သိရသည်။ **(အပေါ်ပုံ)**
(သတင်းစဉ်)

နေပြည်တော် မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ (အောက်တိုဘာ ၈ ရက်) ၌ နေရာကွက်ကျား မိုး ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ ဒေသစာရီကြွချီ

(၈၈) ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ ဒေသစာရီ ကြွချီ အပူဇော်ခံပွဲကျင်းပစဉ်။

(သတင်းစဉ်)

ဖူးမြော်ကြည်ညို

သီတင်းကျွတ်လပြည့်နေ့က ပျဉ်းမနားမြို့ပေါ်ရှိ ဘုရားများတွင် ဘုရားဖူးများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း (အငြိမ်းစား)နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ဌာနချုပ်မှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တက်ညီလက်ညီဆောင်ရွက်

အစည်းအဝေးတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စည်းကမ်းပြည့်ဝသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေး လုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို မကြာမီအချိန်အတွင်း ပြန်လည်ကျင်းပတော့မည်ဖြစ်ရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် အခြားသော မိတ်ဖက်အဖွဲ့အစည်းများနှင့်လက်တွဲ၍ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးရေးအတွက် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်သွားကြရေး၊ နောင်တွင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် လိုက်လျောညီထွေဖြစ်စေရန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိရေး၊ စစ်မှုထမ်းဟောင်း လက်စွဲစာစောင်ပြုစုရေး၊ စစ်မှုထမ်းဟောင်းကျေးရွာများ ထူထောင်၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ထူထောင်ရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆောင်ရွက်ပြီး မိသားစုများ၏ သက်သာချောင်ချိရေးတို့ကို ပိုမိုဆောင်ရွက်ပေးရေး၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅)မှ ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟို စည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေးများ၏ ဆုံးဖြတ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အစည်းအဝေး (၆/၂၀၀၅)၏ အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေးသို့ တင်ပြချက်များကို ဖတ်ကြားတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီ လုပ်ငန်းတာဝန်ကြီး(၅)ရပ်၏ အဖွဲ့ခေါင်းဆောင်များက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ၏ လုပ်ငန်းတာဝန်ကြီး (၅)ရပ်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ စည်းရုံးရေးလုပ်ငန်းအဖွဲ့အလိုက် အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)က ပြည်နယ်နှင့် တိုင်းအလိုက် လုပ်ငန်းတာဝန်ကြီး(၅)ရပ်အား အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပြန်လည်ဆွေးနွေး

တင်ပြချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီပူဇော်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဖူးမြော်ကြည်ညို

နေပြည်တော် အောက်တိုဘာ ၇

(၈၈)ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ ဒေသစာရီကြွချီအပူဇော်ခံပွဲကို ယနေ့ ညနေ၅နာရီတွင် ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်ရှိ တပ်တွင်းဓမ္မာရုံရှေ့၌ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီးဒေါ်ဆွေဆွေဦး၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ မြို့သူမြို့သားများ တက်ရောက်ကြည်ညိုကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် တပ်တွင်း ဝတ်ပြုတော်အသင်းဥက္ကဋ္ဌ ဦးလှသောင်းတို့က (၈၈)ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ ဒေသစာရီကြွချီအပူဇော်ခံပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လောင်းလှူ

ထို့နောက် တဏှင်္ကရာ အစ ဂေါတမဘုရားအဆုံး နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများသည် တပ်တွင်း ဓမ္မာရုံရှေ့မှစတင်၍ ဘားနပ်လမ်း၊ ဗိုလ်တောက်ထိန်လမ်း၊ မင်္ဂလာ ကန်တော်ခန်းမရှေ့သို့ ရောက်ရှိကြပြီး ပျဉ်းမနား–မန္တလေးလမ်း၊ ဗိုလ်ချုပ်လမ်း၊ ရွှေချီ၉လမ်း၊ ရွှေချီ ၆လမ်းမှ ဗိုလ်ချုပ်လမ်းတို့တစ်လျှောက် ဒေသစာရီကြွချီ အပူဇော်ခံရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် အဖွဲ့ဝင်များ၊ မြို့သူမြို့သားများက ဖူးမြော်ကြည်ညိုကြ ပြီး အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။

(သတင်းစဉ်)



■ ကျောဖုံးမှ

ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်များကိုယူဆောင်၍ ဝိဟာရဝတ္ထုကံမြေပေါ်သို့ ပက်ဖျန်းချည်နှောင်ကြသည်။

ယင်းနောက် ဆရာတော်ကြီးများအား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများက ပန္နက်ကြိုး၊ ပန္နက်တိုင်၊ ရတနာအုတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ် လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဘုန်းတော်ကြီးပညာသင်ကျောင်း ဆောက်လုပ်နိုင်ရန် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ်နှစ်သိန်းကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းကလည်းကောင်း၊ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက လှူဒါန်းငွေကျပ်နှစ်သိန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် အမှတ်(၁၂) ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ကလည်းကောင်း၊ လှိုင်သာယာ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ငွေကျပ် ၁၀ သိန်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက ငွေကျပ်ငါးသိန်း၊ ရွှေလင်ပန်း စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီ အတွင်းရေးမှူးဦးဇော်ဝင်းက ငွေကျပ်သုံးသိန်း၊ ဦးမောင်မောင်နှင့် ညီများ (ဂရိတ်ဝေါ) တိုင်းရင်းဆေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းက ငွေကျပ်ငါးသိန်း၊ ဦးသန်းအောင်၊ ဒေါ်စီစီ (ကျောင်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ) က ငွေကျပ်ငါးသိန်း၊ ဦးစံအောင် ဒေါ်စမ်းနွယ်ဦး (ကျောင်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး)က ငွေကျပ်သုံးသိန်း၊ ဦးသိန်းဖံ ဒေါ်အုံးမြ (ကျောင်းဖြစ်မြောက်ရေးကော်မတီ ဘဏ္ဍာရေးမှူး) က ငွေကျပ်သုံးသိန်း၊ ဦးသောင်းကြင်–ဒေါ်ချယ်ရီပန်း (ကျောင်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်)က ငွေကျပ်သုံးသိန်း၊ ဦးမြတ်သင်းအောင်– ဒေါ်ခင်မြင့်မြင့် (AA. Electronic) မိသားစုက ငွေကျပ်နှစ်သိန်းနှင့် စက်မှုဇုန်(၅) စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးမြမောင်က ငွေကျပ်သုံးသိန်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အလှူငွေများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများသည် မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာဇောတထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပန္နက်တော်တင်

ယင်းနောက် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တာဝန်ရှိသူများသည် မင်္ဂလာအချိန် ကျရောက်သည်နှင့် သတ်မှတ်နေရာများ၌ အသီးသီး ပန္နက်တော်များကို တင်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရတနာကိုးပါးငွေကြုတ်ကို အုတ်မြစ်တော်အလယ်ဗဟို၌ ထည့်သွင်းမြှုပ်နှံပေးသည်။

ထည့်သွင်းမြှုပ်နှံ

ယင်းနောက် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ဦးဆောင်သော တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရတနာအုတ်များကို သတ်မှတ်နေရာ များ၌ ထည့်သွင်းမြှုပ်နှံ၍ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက မော်ကွန်း ကမ္ဗည်းကျောက်စာကို ရတနာအုတ်များ အပေါ်၌ ဖုံးအုပ်ပေးပြီး နံ့သာရည်များ ပက်ဖျန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူး ဦးစံသင်းလှိုင်က ဇယမင်္ဂလာ အောင်ဂါထာ ရွတ်ဆိုပူဇော်သည်။

ထို့နောက် ရတနာပန္နက်တင် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက် သည်။ **(သတင်းစဉ်)**

သစ်သီးအလှပြင် သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၇

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် သစ်သီး အလှပြင် (Fruit Curving) သင်တန်းအမှတ်စဉ် (၂/၂၀၀၆)ကို အောက်တိုဘာ ၁၉ရက်မှ ၂၈ရက်အထိ နေ့စဉ် မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီ အတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ် ခန်းမဆောင်၌ သင်တန်းသား သင်တန်းသူ ၅၀ ဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်နှင့် အစိုးရဝန်ထမ်းများအတွက် တစ်ဦးလျှင် ငွေကျပ်၄၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ငွေကျပ် ၅၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း– ၂၇၉၃၆၁ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။

(၁၀၈)

သီတင်းကျွတ်လပြည့်နေ့က နေပြည်တော်တွင် မီးပုံးပျံများလွှတ်တင်ကြသည်ကိုတွေ့ရစဉ်။ (သတင်းစဉ်)

ပြိုင်ပွဲအတွေ့အကြုံရရှိရေး နိုင်ငံတကာပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ခဲ့ အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေး မြန်မာရွက်လှေအဖွဲ့ပြင်ဆင်

ရန်ကုန် အောက်တိုဘာ ၇

မြန်မာနိုင်ငံရွက်လှေအားကစားအဖွဲ့ချုပ်သည် ရွက်လှေအားကစားသမားများ၏ ယှဉ်ပြိုင်မှုစွမ်းရည်ပိုမိုတိုးတက်ပြီး မြန်မာ့ရွက်လှေအားကစားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကာတာနိုင်ငံ ဒိုဟာမြို့၌ လာမည့်ဒီဇင်ဘာလအတွင်း ကျင်းပမည့် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် မြန်မာ့လက်ရွေးစင်ရွက်လှေအားကစားသမားများအား ချောင်းသာပင်လယ်ပြင်၌ ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

သတင်းဆောင်းပါး

ကိုထွေး

မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားသမားများအား နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံရရှိစေရေးအတွက် အကြို လက်ရည်စမ်းပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်မှုများပြုလုပ်ခဲ့သည်။ တရုတ်နိုင်ငံ ချင်ဒေါင်းမြို့နှင့် ရီဇောင်းမြို့များ၌ ဩဂုတ်လအတွင်းက ကျင်းပခဲ့သည့် Pre Olympic ပြိုင်ပွဲနှင့် Int'l 470 World Championship ပြိုင်ပွဲများသို့ အဖွဲ့ဝင်ငါးဦးပါဝင်သော မြန်မာ့ရွက်လှေအဖွဲ့အား စေလွှတ်ယှဉ်ပြိုင်စေခဲ့ရာ အတွေ့အကြုံကောင်းများရရှိခဲ့သည်။

တွေ့ဆုံမေးမြန်း

မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်မှ လှေများတာဝန်ခံ ဦးမင်းဇော်က ဆောင်ရွက်ပြီး အားကစားသမားများအဖြစ် Int'l 470 Class(အမျိုးသား) မောင်အောင်မြင့်သူနှင့် မောင်စိုင်းပြည့်စုံဟိန်း၊ Int'l 470 Class(အမျိုးသမီး) မချစ်စုနှင့် မနွဲ့နွဲ့စမ်းတို့ပါဝင်ကြသည်။ မြန်မာ့ရွက်လှေအဖွဲ့ ခေါင်းဆောင် ဦးမင်းဇော်အား ပြိုင်ပွဲအတွေ့အကြုံများနှင့်ပတ်သက်၍ မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ရှေးဦးစွာ အဖွဲ့ခေါင်းဆောင် ဦးမင်းဇော်က ပြိုင်ပွဲအနေအထားနှင့် ပတ်သက်၍ ပြောကြားရာတွင် "မိမိတို့ မြန်မာရွက်လှေအဖွဲ့သည် ဩဂုတ် ၉ ရက်တွင် ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ ထွက်ခွာခဲ့ကြကြောင်း၊ 2006 Qingdao International Regatta ပြိုင်ပွဲသည် အိုလံပစ်အကြို (Pre Olympic) ပြိုင်ပွဲဖြစ်၍ နိုင်ငံပေါင်း ၃၀ ကျော်မှ လက်ရည်ကောင်းမွန်သော ရွက်လှေ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ပြိုင်ပွဲပေါင်း၁၁ပွဲ ယှဉ်ပြိုင်စေခဲ့ပြီး နောက်ဆုံး Race-11 အား Medal Race အဖြစ် သတ်မှတ်ပြီး အဆင့်တစ်မှ ၁၀အတွင်းရှိ ရွက်လှေအားကစားသမားများကိုသာ ယှဉ်ပြိုင်စေခဲ့ကြောင်း၊ တရုတ်ပင်လယ်ပြင်သည် လေတိုက်နှုန်း 5 Knots သာရှိပြီး ပင်လယ်ရေ အနက်ပေ ၁၅၀ခန့်ရှိသဖြင့် ပင်လယ်ရေစီးကြောင်း Current မှာ အလွန်ပြင်းကြောင်း၊ အချို့ရက်များ၌ လေတိုက်ခတ်မှုမရှိသလောက်နည်းကြောင်း၊ Pre Olympic ပြိုင်ပွဲဖြစ်သည့်အလျောက် လာရောက် ယှဉ်ပြိုင်သောအသင်းများ၏ ဖွဲ့စည်းမှုမှာ ယခင်က မိမိတို့ တွေ့ကြုံဖူးသော အသင်းဖွဲ့စည်းပုံထက်များစွာ စနစ်တကျ ရှိကြောင်း၊ ခေတ်မီနည်းပညာများအသုံးပြုကြသဖြင့် ပြိုင်ပွဲဝင် အားကစားသမားများအား အထောက်အကူပြုကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ပင်လယ်ရေစီးကြောင်း

ဆက်လက်၍ ဦးမင်းဇော်က ပြိုင်ပွဲဝင် မြန်မာ့ရွက်လှေအားကစားသမားများ၏ လက်ရည်နှင့်ပတ်သက်၍ ပြောကြားရာတွင် "ပြိုင်ပွဲယှဉ်ပြိုင်ရာ၌ မိမိတို့၏အမျိုးသားနှင့် အမျိုးသမီး အတွဲတို့သည် လေနည်း (Light Wind)နှင့် လေဆန် (Up Wind) စီးခြင်းတို့၌ အခြားအားကစားသမားများနည်းတူ စီးနင်းနိုင်ကြောင်း၊ သို့သော် ပြင်းထန်သော ပင်လယ်ရေစီးကြောင်း၏ သဘောအားကောင်းစွာ နားမလည်ခြင်းနှင့် လေစုန်စီးနင်းခြင်း (Down Wind) စနစ်အား ပိုင်နိုင်စွာ မစီးနင်းနိုင်ခြင်း စသည့်အချက်များကြောင့် Starting နှင့် Windward Markအား အဆင့်လေးနှင့်ငါးစသည်ဖြင့် ဦးဆောင်စီးနင်းနိုင်သော်လည်း ပြိုင်ပွဲပြီးဆုံးသည်အထိ မိမိတို့ရရှိထားသည့်အဆင့်အား မထိန်းနိုင်ခဲ့ကြောင်း၊ အခြားပြိုင်ပွဲဝင် ရွက်လှေအားကစားသမားများနှင့် နှိုင်းယှဉ်ပါက အချို့အားကစားသမားများသည် Int'l 470 Class တွင် လှေစီးသက် ၁၀ နှစ်ခန့်ရှိပြီး Olympic ပြိုင်ပွဲအတွေ့အကြုံရှိသူများဖြစ်၍ လက်ရည်အထူးကောင်းမွန်ကြကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

အဖွဲ့ခေါင်းဆောင် ဦးမင်းဇော်အား အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်နေခြင်းနှင့်ပတ်သက်၍ မေးမြန်းရာတွင် "အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် မိမိတို့၏ အားသာချက်၊ အားနည်းချက်များအား ပြန်လည်သုံးသပ်၍ လေ့ကျင့်မှုများ ထပ်မံပြုလုပ်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၌ကျင်းပခဲ့သည့် Pre Olympic နှင့် Int'l 470 World Championship ပြိုင်ပွဲများ၌ မိမိတို့ထက် လက်ရည် ကောင်းမွန်သော အားကစားသမားများနှင့် ယှဉ်ပြိုင်ခဲ့ရသဖြင့် အကျိုးအမြတ်များစွာရရှိခဲ့ပါကြောင်း၊ မိမိတို့၏ အားနည်းချက်ကို ပြုပြင်နိုင်ရန်အတွက် Int'l 470 Class တွင် Down wind၌ အကောင်းဆုံး စီးနင်းနိုင်သော အစ္စရေးနိုင်ငံမှ နည်းပြနှစ်ဦးကို ငှားရမ်း၍ ချောင်းသာပင်လယ်ပြင်၌ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ထို့အပြင် လေကြမ်းထဲ၌ စီးနင်းမှု အတွေ့အကြုံ ရရှိစေရန် အင်္ဂလိပ်နည်းပြဆရာ Joe Glanfield နှင့် Bevis field တို့နှင့်အတူ အင်္ဂလန်နိုင်ငံသို့ သွားရောက်လေ့ကျင့်ရန် စီစဉ်ထားပါကြောင်း" မြန်မာ့အလင်းသို့ ဖြေကြားသည်။

Pre Olympic ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ရွက်လှေအဖွဲ့အား အင်္ဂလိပ်နည်းပြနှင့်အတူ ပြိုင်ပွဲကျင်းပရာ တရုတ်နိုင်ငံ ချင်ဒေါင်းမြို့ကမ်းခြေ၌ ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–ရွက်လှေအဖွဲ့ချုပ်)

တရုတ်နိုင်ငံ ချင်ဒေါင်းမြို့၌ ကျင်းပခဲ့သည့် Pre Olympic ပြိုင်ပွဲ၌ မြန်မာ့ရွက်လှေအားကစားသမားများ၏ ပါဝင်ယှဉ်ပြိုင်မှုကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ–ရွက်လှေအဖွဲ့ချုပ်)

ရွေးချယ်ထား

(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် ရွက်လှေပြိုင်ပွဲ ပွဲစဉ် (Sailing Events)များအနက်မှ မြန်မာ့ရွက်လှေအားကစားသမားများ၏ လက်ရည်နှင့် သင့်လျော်သော Int'l 420 Class နှင့် Int'l 470 Class တို့၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့ရွက်လှေ အားကစားသမားလေးဦးရွေးချယ်ထားရာ အမျိုးသားအတွဲအဖြစ် မောင်အောင်မြင့်သူနှင့် မောင်စိုင်းပြည့်စုံဟိန်း၊ အမျိုးသမီးအတွဲအဖြစ် မချစ်စုနှင့် မနွဲ့နွဲ့စမ်းတို့ဖြစ်ကြကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

(ကြည်း၊ရေ၊လေ)ဘောလုံး အကြိုဗိုလ်လုပွဲနှင့်ဗိုလ်လုပွဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့မှတိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် အောက်တိုဘာ ၇

၂၀၀၆ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို အောက်တိုဘာ၈ရက် ညနေ၃နာရီတွင်လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲကို အောက်တိုဘာ၉ရက် ညနေ၃နာရီတွင်လည်းကောင်း၊ ဗိုလ်လုပွဲကို အောက်တိုဘာ၁၂ရက် ညနေ၃နာရီတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများကို ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘောလုံးယှဉ်ပြိုင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ်၏အဓိကလမ်းမ ဟားခါး–ဂန့်ဂေါလမ်း တန်၄၀ခံနိုင်မည့် ကတ္တရာလမ်းအဖြစ် တိုးမြှင့်တည်ဆောက်

ရန်ကုန် အောက်တိုဘာ ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ၁ရက် နံနက်ပိုင်းက ဟားခါးမြို့မှ ဟားခါး–ဂန့်ဂေါလမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာပြီး လမ်းတံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ၇မိုင် ၂ဖာလုံနှင့် ၈မိုင် နေရာအကြား၌ တည်ဆောက်ပြီး ရေထုတ်ပြွန်နှင့် ရေအဝင်အထွက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ၂၂မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား၌ လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၁၂)က စက်ယန္တရားကြီးများဖြင့် လမ်းအူကြောင်း သစ်ဖောက်လုပ်နေခြင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ထို့နောက်ဝန်ကြီးအား တာဝန်ခံအင်ဂျင်နီယာမှူး ဦးစိုးအောင်က ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လမ်းအူကြောင်းသစ်ကို သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးမှာကြားပြီး ဆက်လက်ထွက်ခွာရာ ၃၉မိုင်ရှိ လမ်းသုတ်ရေ့တန်းစခန်းသို့ ရောက်ရှိသည်။

ထို့နောက် ဝန်ကြီးအား စီမံကိန်းရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးစိုးအောင်က ဟားခါး–ဂန့်ဂေါလမ်းအပိုင်း လက်ရှိလမ်းအခြေအနေ၊ ယခုနှစ်တွင် ဆောင်ရွက်မည့် လမ်းသားပေ ၃၀ အကျယ် ချဲ့ခြင်းနှင့် ၁၂ ပေ အကျယ် ကတ္တရာလမ်းခင်းခြင်း၊ ကျောက်များ စုဆောင်းထားရှိမှုနှင့် စက်ယာဉ်ယန္တရား အခြေအနေများကို ရှင်းလင်းတင်ပြရာ ချင်းပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးငွန်စန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

တည်ဆောက်ပေး

ဟားခါး–ဂန့်ဂေါလမ်းမှာ ချင်းပြည်နယ် မြောက်ပိုင်းနှင့် ပြည်မသို့ ဆက်သွယ်သည့် အဓိကလမ်းမကြီးတစ်လမ်းဖြစ်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပေ၃၀အကျယ် လမ်းတာချဲ့ခြင်း၊ ၁၂ပေခွဲအကျယ် ကျောက်လမ်းခင်းခြင်း၊ တန် ၄၀ ခံနိုင်မည့် ၁၂ပေအကျယ် ကတ္တရာလမ်းအဖြစ် တိုးမြှင့် တည်ဆောက်ပေးလျက်ရှိရာ ၇၇မိုင်၃ဖာလုံ အရှည်ရှိ ဟားခါး–ဂန့်ဂေါလမ်းမှာ ယခုအခါ ကတ္တရာလမ်း ၁၃မိုင် ၆ဖာလုံနှင့် ကျောက်လမ်း၆၃မိုင် ၅ဖာလုံ ဆောင်ရွက်ပြီးဖြစ်၍ ရေပြွန်များ တံတားငယ်များကိုပါ တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဂန့်ဂေါ – ထီးလင်း – ကျောက်ထုလမ်း တစ်လျှောက် လမ်းတံတား လုပ်ငန်းများကို စစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက်မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် အောက်တိုဘာလအတွက်

(၈–၁၀–၂၀၀၆)ရက်နေ့ နှင့်

(၂၉–၁၀–၂၀၀၆) ရက်နေ့

အောက်တိုဘာ ၇ ရက်က ဗဟန်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ မိဘမဲ့ကလေးများအား ကျောင်းဝတ်စုံနှင့် ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အသင်းရုံး၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ဖြူဖြူက ကျောင်းသူ တစ်ဦးအား ကျောင်းဝတ်စုံနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (မြန်မာ့အလင်း)

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အိမ်ရာများ တိုးတက်ဖော်ဆောင်

နှစ်စဉ် အောက်တိုဘာပထမ တနင်္လာနေ့ကို ကုလသမဂ္ဂက World Habitat Day အဖြစ်သတ်မှတ်ခဲ့သည်။ ယခု ၂၀၀၆ ခုနှစ် အောက်တိုဘာလ၂ရက်နေ့သည် အောက်တိုဘာလ၏ ပထမတနင်္လာနေ့ဖြစ်သဖြင့် World Habitat Day ပင် ဖြစ်ပေသည်။

၁၉၈၀ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ (၃၅) ကြိမ်မြောက် အထွေထွေညီလာခံကြီးတွင် သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်က ၁၉၈၇ခုနှစ်ကို အိုးအိမ်မဲ့သူများ အမိုးအကာရရှိရေး နိုင်ငံတကာနှစ်အဖြစ် သတ်မှတ်ပေးရန်အဆိုပြုတင်ပြခဲ့ရာ ၁၉၈၂ခုနှစ် ဒီဇင်ဘာလ ၁၂ရက်နေ့က ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အရ ၁၉၈၇ခုနှစ်ကို အိမ်ရာမဲ့များ အမိုးအကာရရှိရေး နိုင်ငံတကာနှစ် (International Year of Shelter For The Homeless) အဖြစ် သတ်မှတ်ခဲ့ပါသည်။

အဆိုပါနှစ်၏ ရည်ရွယ်ချက်မှာ-

(က) နိုင်ငံတကာရှိ ဝင်ငွေနည်းသူများ၏ အိမ်ရာနှင့် လူနေရပ်ကွက်များကို ၁၉၈၇ ခုနှစ်အရောက်တွင် တိုးတက်မြင့်မားမှုရှိစေရန်။

(ခ) ၂၀၀၀ပြည့်နှစ် အရောက်တွင် ဝင်ငွေနည်းသူများ၏ အိမ်ရာနှင့်လူနေရပ်ကွက်များ တိုးတက်မြင့်မားလာစေသည့် နည်းလမ်းများကို ပိုမို ကောင်းမွန်လာအောင် ကြံဆပြီး ကျယ်ပြန့်စွာ အကောင်အထည်ဖော်သွားနိုင်စေရန်တို့ ဖြစ်သည်။

ထိုစဉ်က မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးက ကြီးမှူးကျင်းပသော အိမ်ရာမဲ့များအမိုးအကာရရှိရေး နိုင်ငံတကာနှစ် ကျင်းပရေးလုပ်ငန်းများတွင် ပါဝင်လှုပ်ရှားခဲ့ပါသည်။

၁၉၈၅ခုနှစ်တွင် ကုလသမဂ္ဂ လူနေမြို့ရွာဌာနချုပ်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော စီမံကိန်းပေါင်း ၁၆၃ ခုအတွက် အမေရိကန်ဒေါ်လာ ၁၅ဒသမ၅သန်း ရှိခဲ့ရာ ၁၉၉၀ပြည့်နှစ်တွင် စီမံကိန်းပေါင်း ၂၇၁ခုအတွက် အမေရိကန်ဒေါ်လာ ၃၈သန်းအထိ တိုးတက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်သော စီမံကိန်းများတွင် အမိုးအကာရရှိရေးအတွက် အထောက်အကူပြုသော အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် မြို့ပြစီမံကိန်းများ ရေးဆွဲခြင်းဟူ၍ သုံးမျိုးပါဝင်ခဲ့ပါသည်။

၁၉၉၅ခုနှစ်တွင် ကျင်းပခဲ့သည့် (၁၅)ကြိမ်မြောက် အစည်းအဝေးကြီးတွင် ကုလသမဂ္ဂ လူနေမြို့ရွာကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးပြုလုပ်ခဲ့သော ၁၉၇၆ခုနှစ်မှ ၁၉၉၇ခုနှစ်ထိ အနှစ် ၂၀အတွင်း အပြည်ပြည်ဆိုင်ရာ လုပ်ငန်းများ ပြီးမြောက်အောင်မြင်ရေးကို သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ ကုလသမဂ္ဂလူနေမြို့ရွာဌာနချုပ်သည် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် တည်ရှိပြီး အဖွဲ့ဝင် ၅၈နိုင်ငံဖြင့် ဖွဲ့စည်းထားရာ အာရှဒေသမှ ၁၃နိုင်ငံ၊ အာဖရိကမှ ၁၆နိုင်ငံ၊ လက်တင်အမေရိကမှ ၁၀နိုင်ငံ၊ အရှေ့ဥရောပဒေသမှ ခြောက်နိုင်ငံ၊ အနောက်ဥရောပဒေသမှ ၁၃နိုင်ငံတို့ပါဝင်ပြီး ကော်မရှင်အစည်းအဝေးကို နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပလျက်ရှိပါသည်။

ကော်မရှင်အဖွဲ့ဝင်နိုင်ငံများသည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် လူနေမြို့ရွာမူဝါဒများ၊ လူနေမြို့ရွာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့် ကျွမ်းကျင်မှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို အဖွဲ့ဝင်နိုင်ငံများက မဲခနစ်ဖြင့် စည်းဝေးဆုံးဖြတ်ပါသည်။ ကော်မရှင်အဖွဲ့ဝင်နိုင်ငံအဖြစ် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအားလုံး အလှည့်ကျပါဝင်နိုင်ခွင့်ရှိပါသည်။ လူနေမြို့ရွာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာအခြေအနေကို သုံးသပ်ရာတွင် လွန်ခဲ့သည့်၁၀စုနှစ် သုံးခုအတွင်း နိုင်ငံတကာလူနေမြို့ရွာ ကဏ္ဍအခြေအနေမှာ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးတိုးတက်မှုနှင့်အတူ လူနေမြို့ရွာကဏ္ဍတွင်လည်း တိုးတက်ဖွံ့ဖြိုးမှုများရှိခဲ့ပါသည်။ သို့ရာတွင် ယခုအချိန်ထိ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မြို့ပြနှင့်ကျေးရွာလူထု သန်း၁၀၀၀ ကျော်သည် ဆင်းရဲတွင်း၌ပင် ရှိနေသေးပါသည်။ ၎င်းတို့အနက် လူဦးရေသန်း ၁၀၀ကျော်သည် အိမ်ရာမဲ့များ ဖြစ်နေ၍ မြို့ပြလူဦးရေ၏ ၅၀ရာခိုင်ရာနှုန်းမှ ၆၀ရာခိုင်ရာနှုန်းရှိ လူဦးရေမှာ အဆင့်နိမ့်အိမ်ရာ (Slum)နှင့် ကျူးကျော်တဲများ (Squatters)များ၌ နေရပြီး ၅၅ ရာခိုင်နှုန်းခန့်မှာ သန့်ရှင်းသော သောက်သုံးရေမရရှိကြသေးကြောင်း စာရင်းဇယားများအရ သိရသည်။

ကမ္ဘာပေါ်တွင် လူဦးရေ တစ်နေ့တခြားတိုးပွားလျက်ရှိရာ သင့်တင့်လျောက်ပတ်သည့်နေထိုင်မှုမျိုး ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယခုအခါ ကမ္ဘာ့နိုင်ငံကြီးများပင်လျှင် ကြီးမားသောလူမှုရေးလုပ်ငန်းတစ်ရပ်အဖြစ် အလေးအနက်ခံယူ ကျင့်သုံးကြိုးပမ်းနေချိန်ဖြစ်ပေသည်။ လူဦးရေတိုးတက်သည်နှင့်အမျှ နေထိုင်မှုပြဿနာသည် အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုမိုကြီးမားလျက်ရှိပေသည်။ နိုင်ငံတိုင်း မိမိတို့၏ သဘာဝရပ်ပတ်ဝန်းကျင်၊ လူမှုစီးပွားရေး၊ ယဉ်ကျေးမှုဝန်းကျင်တို့နှင့် ကိုက်ညီစေရန် အိမ်ရာပြဿနာကို သမိုင်းစဉ်တစ်လျှောက် ကြိုးစား၍ အဖြေရှာခဲ့ကြသော်လည်း အိမ်ရာထူထောင်မှုပြဿနာသည် လူဦးရေတိုးတက်မှုနှင့်အညီ ကြီးထွားနေဆဲပင် ဖြစ်ပေသည်။

မင်းသိမ်း (ဆောက်လုပ်ရေးဝန်ကြီးဌာန)

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးစနစ်နှင့် ပုံစံများ အစဉ်ပြောင်းလဲလျက်ရှိရာ ကမ္ဘာ့လူဦးရေ ပျံ့နှံ့မှုပုံစံသည်လည်း အစဉ်ပြောင်းလဲလျက်ရှိပေသည်။ မြို့ပြများသို့ ပြောင်းရွှေ့လာသည့် လူဦးရေသည် သာမန်လူဦးရေတိုးပွားမှုနှုန်းထက် အဆပေါင်းများစွာ တိုးတက်လျက်ရှိရာ မြို့ပြလူနေထူထပ်မှုကို ဖြေရှင်းရေးသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ပေသည်။ ဤမျှ ကျယ်ဝန်းနက်ရှိုင်းသော ပြဿနာကို တစ်နိုင်ငံလုံး၏ စီးပွားတိုးတက်မှုအခြေအနေနှင့် ပေါင်းစပ်ပြီး တစ်မျိုးသားလုံးဆိုင်ရာ မူဝါဒများအဖြစ် ချမှတ်ဆောင်ရွက်သင့်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဤမျှကျယ်ပြန့်စွာ လေ့လာသုံးသပ်ခြင်း၊ ချိန်ဆခြင်းများ ပြုလုပ်ရန် အခက်အခဲရှိပေသည်။ များသောအားဖြင့် တစ်မျိုးသားလုံးဆိုင်ရာ လမ်းညွှန်ချမှတ်နည်းဖြင့် ချဉ်းကပ်ခြင်းအစား စီမံကိန်းတစ်ခုစီအနေဖြင့် ချဉ်းကပ်ခြင်းဖြင့်သာ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

အမျိုးသားလူနေ၊ မြို့ရွာမူဝါဒများ၊ အိမ်ရာမူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် သဘာဝလူနေဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အထောက်အကူပြုနိုင်မည့် မူဝါဒများဖြစ်ရန် လိုသကဲ့သို့ အထူးသဖြင့် အိမ်ဆောက်ပစ္စည်းများကို အကုန်အကျသက်သာပြီး ထိရောက်မှုရှိသော အဆောက်အအုံပစ္စည်းများ အသုံးပြုခြင်း၊ နည်းပညာများ သုတေသနပြုခြင်းနှင့် ယင်းနည်းပညာရပ်များ၊ အခြေခံလူတန်းစားများအထိ ဖြန့်ဖြူးပေးနိုင်ရေးသည် အဓိကဖြစ်ပေသည်။

၂၀၀၀ ပြည့်နှစ်က ကမ္ဘာ့လူဦးရေ စုစုပေါင်းသန်း ၆၀၀၀အနက် မြို့ပြလူဦးရေ ၄၇ရာခိုင်နှုန်း သန်း၂၈၂၀ခန့်နှင့် ကျေးလက်နေလူဦးရေ ၅၃ရာခိုင်နှုန်း သန်း၃၁၈၀ခန့်ရှိရာ ၂၀၁၅ခုနှစ်တွင် မြို့ပြနေသူလူဦးရေ ၅၀ရာခိုင်နှုန်းထိ တိုးတက် ဖြစ်ပေါ်လာမည်ဟု ကမ္ဘာ့ကုလသမဂ္ဂမှ ခန့်မှန်းတွက်ချက်ထားပါသည်။ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မြို့ပြကြီးထွားမှုနှင့်အတူ မြို့ပြလူဦးရေ အဆမတန်တိုးပွားနေမှုသည် နောက်ကြောင်းပြန်ဆွဲထား၍ မရနိုင်သည့် ဖြစ်စဉ်တစ်ခုဖြစ်သဖြင့် မြို့ပြကြီးထွားမှုနှင့် မြို့ပြလူဦးရေတိုးပွားမှု၏ အကျိုးဆက်များအား ရင်ဆိုင်ဖြေရှင်းရန် အသင့်ပြင်ဆင်ထားခြင်းသည် အဓိပ္ပာယ်ရှိသော ပြင်ဆင်မှုပင် ဖြစ်ပေသည်။

တိုးပွားလာမည့် မြို့ပြလူဦးရေများအတွက် မြို့ပြအသွင်လက္ခဏာနှင့် ပြည့်စုံသော နေထိုင်ရေးနှင့် လူမှုစီးပွားရေးဆိုင်ရာ အခြားအခြေခံအဆောက်အအုံများကို စနစ်တကျ ကြိုတင်ဖြည့်ဆည်း ဆောင်ရွက်ပေးသည့်သဘော၊ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်၏တာဝန်ကိုရယူပြီးနောက် ယနေ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်အထိ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုသည့် ရည်မှန်းချက်နှင့်အညီ လမ်းများတိုးချဲ့ဖောက်လုပ်လျက်ရှိပါသည်။

ယခင်က တောင်နှင့်မြောက်ဆက်သွယ်သည့်လမ်းများကို ဦးစားပေးဖောက်လုပ်ရခြင်းမှာ မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ တောင်တန်းနှင့်မြစ်ချောင်းများသည် မြောက်ဘက်မှ တောင်ဘက်သို့ သွယ်တန်းစီးဆင်းလျက်ရှိသဖြင့် မြစ်ကူးတံတားကြီးများ တည်ဆောက်လျှင် စရိတ်စကကြီးမား၍ မြစ်ချောင်းများကို အတတ်နိုင်ဆုံး ရှောင်ကွင်းခဲ့ခြင်း ဖြစ်ပါသည်။

ယခုအခါ နယ်စပ်ဒေသများ အပါအဝင် ပြည်နယ်နှင့်တိုင်းများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး တောင်နှင့်မြောက်ဆက်သွယ်သည့်လမ်းများသာမက အရှေ့နှင့် အနောက်ဆက်သွယ်သည့် လမ်းများကိုလည်း ဦးစားပေးဖောက်လုပ်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုလမ်းမကြီးများ အပါအဝင်ပင် ဖြစ်ပေသည်။

အနောက်ရိုးမတောင်တန်း ကာဆီးထားပြီး မြစ်ချောင်းပေါများသည့် ရခိုင်ပြည်နယ်တွင်လည်း ရှေးယခင်က ရေလမ်းခရီးသာ အဓိကထားပြီး သွားလာခဲ့ရသော်လည်း ယခုအခါ ရန်ကုန်-စစ်တွေကားလမ်း၊ တနင်္သာရီတိုင်းတွင်လည်း ရန်ကုန်-မော်လမြိုင်-မြိတ် ကားလမ်းများ တောက်လျှောက်သွားနိုင်အောင် ဖောက်လုပ်ပေးခဲ့ပါသည်။ အဆောက်အအုံပိုင်းအနေဖြင့် စီးပွားရေးဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ ဘဏ်အဆောက်အအုံ၊ ကုန်တိုက်များ၊ ကျန်းမာရေးဆိုင်ရာ ဆေးရုံ၊ ဆေးပေးခန်း၊ ဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ သူနာပြုသင်တန်းကျောင်း၊ ဓာတ်ခွဲခန်းများ၊ ယဉ်ကျေးမှုဆိုင်ရာ အမျိုးသားသမိုင်းပြတိုက်၊ အနုပညာကဇာတ်ရုံ၊ ယဉ်ကျေးမှုဗိမာန်များ၊ ပြန်ကြားရေးဆိုင်ရာ စာကြည့်တိုက်၊ ပြတိုက်၊ ရုပ်ရှင်ရုံများ၊ စီမံခန့်ခွဲမှုဆိုင်ရာ ရုံးဌာန အဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာ၊ ပြည်သူ့အိမ်ရာများ၊ ပြည်သူလူထုအပန်းဖြေနားနေနိုင်စေမည့် ပြည်သူ့ရင်ပြင်၊ ပြည်သူ့ဥယျာဉ်နှင့် ပန်းခြံများ၊ ဘာသာရေးဆိုင်ရာ သာသနိက အဆောက်အအုံများ၊ လေယာဉ်ကွင်း တည်ဆောက်ခြင်း လုပ်ငန်းများစွာကိုလည်း ဆောက်လုပ်ခဲ့ပေသည်။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့်လည်း အဆင့်နိမ့်ရပ်ကွက်များ အဆင့်မြှင့်တင်ခြင်း၊ မြို့ပြပြန်လည် ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲခြင်း၊ အိမ်ရာမြေကွက်နှင့် စက်မှုမြေကွက်များ ဖော်ထုတ်ရောင်းချခြင်း၊ အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော် ဆောက်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရမှ တိုက်ရိုက်ပါဝင်မှု အနည်းဆုံးဖြစ်ရေး၊ အစိုးရ၏ အထောက်အပံ့ အကူအညီ အများဆုံးဖြစ်ရေး၊ ပြည်သူများ၏ ပါဝင်ဆောင်ရွက်မှု အများဆုံးဖြစ်ရေးကို ဦးတည်လျက် ပြည်သူလူထုများ၏ နေရေးပြဿနာကို ကိုယ်စွမ်းရှိသရွေ့၊ ဘဏ်စွမ်းရှိသရွေ့ ကျယ်ပြန့်စွာဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၁၀-၂၀၀၆
(တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	မနောရမ္မပညာဒါန
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	မေတ္တာပန်းတို့လန်းဆန်းရာ ဟသ်ာတမေတ္တာဝါဒီ ပရဟိတဂေဟာ
၈:၄၀	နိုင်ငံတကာ အနုပညာရေးရာ
၉:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
၉:၃၅	မိုးလေဝသခန့်မှန်းချက်
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	ကလေးတို့အတွက် လက်ဆောင် (ဓာတ်ပုံဘောင် နှစ်မျိုးပြုလုပ်နည်း)
၁၀:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀	အဏ္ဏဝါထဲမှ ရတနာ (ကဏန်းပျော့)
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅	သိစေချင်သည် ICT (iStock & iLedger)
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	Language Lab [ကမာရွတ် အမက(၂)]
၁၁:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅	ဆက်သွယ်မှုကွန်ရက် Internet Cafe (1)
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဆုချီးမြှင့်

ဩဂုတ် ၃၀ရက်က အထက (၁၀) တာမွေ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်၊ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြက တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် လေးဘာသာ ဂုဏ်ထူးရှင် မောင်နေမင်းအောင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ယူ-၂၁ ဥရောပချန်ပီယံ ဘောလုံးပြိုင်ပွဲရှုံးထွက်ပွဲစဉ် အင်္ဂလန်က ဂျာမနီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် အောက်တိုဘာ ၇

ယူ-၂၁ ဥရောပချန်ပီယံ ဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များကို ဆက်လက်ကစားလျက်ရှိရာ အောက်တိုဘာ ၆ရက်က ယှဉ်ပြိုင်ကစားခဲ့သော အင်္ဂလန်နှင့် ဂျာမနီအသင်းတို့ပွဲတွင် အင်္ဂလန်ယူ-၂၁က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အင်္ဂလန်တိုက်စစ်မှူး ဝေါကော့တ်(ယာ) ထိုးဖောက်ကစားစဉ်။

အနိုင်ယူ

အင်္ဂလန်ယူ-၂၁ တွင် ကာဆင်၊ ရစ်ချက်စ်၊ ဘိုင်းနက်စ်၊ စတီဗင်တေလာ၊ ဖာဒီနန်၊ မီလာ၊ ဝေါ့ကော့တ် စသည့် လူငယ်ကစားသမားများကို အမာခံထုတ်ကစားခဲ့ပြီး ဂျာမနီအသင်းကို ခက်ခက်ခဲခဲကြိုးစား အနိုင်ယူခဲ့ရသည်။ အင်္ဂလန်ယူ-၂၁ တိုက်စစ်မှူး ဝေါ့ကော့တ်၊ ဒေးဗစ်နုဂင့်နှင့် ရှဒ်လိဒ်တို့က ဂျာမနီနောက်တန်းကို ထိုးဖောက်ကစားနိုင်သော်လည်း ပထမပိုင်းဂိုးသွင်းခွင့်မရရှိသလို ဂျာမနီတို့ကလည်း ပထမပိုင်း၌ ဂိုးမသွင်းနိုင်ခဲ့ချေ။

ဂိုးသွင်း

ပွဲချိန် ၇၇မိနစ်တွင် အင်္ဂလန်မှ ဘိုင်နက်စ်က ထောင့်ကန်ဘောမှ တစ်ဆင့် ဂျာမနီဂိုး၏ ၂၅ကိုက်အကွာမှ အဖွင့်ဂိုးနှင့် အနိုင်ဂိုးကို သွင်းယူခဲ့သဖြင့် အင်္ဂလန်တို့ အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ပွဲအပြီး အင်္ဂလန်ယူ-၂၁ နည်းပြ ပီတာတေလာက အင်္ဂလန်လူငယ်ကစားသမားများ စွမ်းအားပြည့် ကစားခဲ့ကြကြောင်း၊ ဂျာမနီအသင်းအား အနိုင်ရရေး ခက်ခက်ခဲခဲကြိုးစားခဲ့ရကြောင်း၊ မိမိ အနေဖြင့် ယခုရလဒ်ကိုကျေနပ်ကြောင်း ပြောကြားခဲ့သည်။

(အင်တာနက်)

ဇမ်ဘီယာကို အနိုင်ကစားရန်လိုကြောင်း တောင်အာဖရိကနည်းပြပရဲရား ပြောကြား

ကိတ်တောင်း အောက်တိုဘာ ၇

၂၀၀၈အာဖရိကဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် တောင်အာဖရိကအသင်းသည် ဇမ်ဘီယာအသင်းနှင့် အောက်တိုဘာ ၈ရက် (ယနေ့)တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အနိုင်ရရှိရန်လိုအပ်ကြောင်း တောင်အာဖရိကနည်းပြ ကာလို့စ်အယ်ဘာတိုပရဲရားက ပြောကြားသည်။

တောင်အာဖရိကနည်းပြ ပရဲရား။

တောင်အာဖရိကအသင်းသည် ဇမ်ဘီယာကို ရှုံးနိမ့်ခဲ့လျှင် ၂၀၀၈အာဖရိကဖလား ခြေစစ်ပွဲအောင်မြင်ရန် အခွင့်အရေးနည်းပါးသွားမည်ဖြစ်ကြောင်း တောင်အာဖရိကဘောလုံးသမားများအား နည်းပြပရဲရားက သတိပေးလိုက်သည်။

လိုအပ်

တောင်အာဖရိကအသင်းသည် ၂၀၀၈ အာဖရိကဖလား ခြေစစ်ပွဲအဖြစ် မိမိကွင်း၌ ပြီးခဲ့သည့်လက ကွန်ဂိုအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့ရသည်။ ထို့ကြောင့် ယနေ့ပွဲ ဇမ်ဘီယာကို အနိုင်ကစားရန်လိုအပ်ကြောင်း နည်းပြပရဲရားက ဘောလုံးသမားများအား တိုက်တွန်းလိုက်ခြင်းဖြစ်သည်။ ၂၀၀၈အာဖရိက ဖလားခြေစစ်ပွဲအဖြစ် ယနေ့ကစားမည့်ပွဲများမှာ အောက်ပါအတိုင်းဖြစ်သည်။

ယနေ့ကစားမည့်ပွဲများ

အိုင်ဗရီကို့စ်	**နှင့်**	ဂါဘွန်
ဘူရွန်ဒီ	**နှင့်**	မော်ရီတေးနီးရား
လီဆိုသို	**နှင့်**	နိုင်ဂျီးရီးယား
နိုင်ဂျာ	**နှင့်**	ယူဂန်ဒါ
တူနီးရှား	**နှင့်**	ဆူဒန်
လိုင်ဘေးရီးရား	**နှင့်**	ရဝမ်ဒါ
ကင်မရွန်း	**နှင့်**	အီကွေတိုနီရယ်ဂီနီရာ
အင်ဂိုလာ	**နှင့်**	ကင်ညာ
မိုဇမ်ဘစ်	**နှင့်**	တန်ဇန်းနီးရား။

(အင်တာနက်)

ဘရာဇီးကွင်းလယ်ကစားသမား ဘီတို ဂျပန်ဂျေလိဂ်ကလပ် ဟီရိုရှီးမားမှ ထုတ်ပယ်ခံရ

တိုကျို အောက်တိုဘာ ၇

ဂျပန် ဂျေလိဂ်အသင်း ဟီရိုရှီးမားတွင် ကစားနေသော ဘရာဇီးကွင်း လယ်ကစားသမားဘီတိုသည် ပြီးခဲ့သည့် သီတင်းပတ်က ဟီရိုရှီးမားမြို့ စားသောက်ဆိုင်တစ်ခု၌ ခိုက်ရန်ဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ ဖမ်းဆီးခံခဲ့ရပြီးနောက် ဟီရိုရှီးမားအသင်းမှ ထုတ်ပယ်လိုက်ကြောင်း ဂျပန်မီဒီယာများက အောက်တိုဘာ ၆ရက်၌ ဖော်ပြသည်။

အသက် ၃၁နှစ်အရွယ်ရှိ ဘီတိုသည် ဟီရိုရှီးမားမြို့ စားသောက်ဆိုင်တစ်ခု၌ စက်တင်ဘာ ၂၈ရက်တွင် ခိုက်ရန်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းခံခဲ့ရသည်။

ပြောင်းရွှေ့

ဘီတိုသည် ဘရာဇီးကလပ် ဗာစကိုဒါဂါးမားမှ ပြီးခဲ့သည့် ၂၀၀၄ခုနှစ်က ဟီရိုရှီးမားကလပ်သို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ဟီရိုရှီးမားကလပ်အသင်းတွင် ၅၅ပွဲကစားခဲ့ကာ သုံးဂိုးသွင်းပေးခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

အင်္ဂလန်အသင်း၌ ဘက်ဟမ်းမပါရှိ၍အံ့ဩမိ မက်ဆီဒိုးနီးယားနည်းပြ ပြောကြား

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် အောက်တိုဘာ ၇

အင်္ဂလန်ဘောလုံးအသင်းတွင် ဒေးဗစ်ဘက်ဟမ်း မပါဝင်ခဲ့၍ အံ့ဩမိကြောင်း မက်ဆီဒိုးနီးယားနည်းပြ စခရက်ကိုကာတာနက်က ပြောကြားလိုက်သည်။

မရွေးချယ်

အသက် ၃၁နှစ်ရှိ အင်္ဂလန်အသင်း ခေါင်းဆောင်ဟောင်း ဘက်ဟမ်းအား ဂျာမနီကမ္ဘာ့ဖလားပွဲအပြီး နည်းပြ မက်ကလာရင်က ရွေးချယ်မှုမပြုဘဲ ချန်ထားခြင်း ခံခဲ့ရသည်။

ပြောကြား

မိမိအတွက်တော့ ဘက်ဟမ်းဟာ အဓိကကစားသမား တစ်ဦးဖြစ် ကစားပြနိုင်တဲ့သူလို့ ထင်မြင်ပါတယ်ဟု ကာတာနက်က ပြောကြားသည်။

ကျွန်တော်သာ မက်ကလာရင် ဖြစ်ခဲ့ရင် ဘက်ဟမ်းကို သေချာပေါက် ထည့်ကစားမှာပဲဟူ၍လည်း ၎င်းကဆိုသည်။

အင်္ဂလန်အသင်း ခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ဟမ်း။

ဘက်ဟမ်းသည် ဂရိနှင့် ချစ်ကြည်ရေးပွဲ၊ အင်ဒိုရာနှင့် မက်ဆီဒိုးနီးယားတို့နှင့် ယူရိုခြေစစ်ပွဲတို့တွင်လည်း မပါဝင်ခဲ့ပေ။

(အင်တာနက်)

ဟဲဗီးဝိတ်ချန်ပီယံ ဗာလုဗ် စိန်ခေါ်သူဘားရက်နှင့်ထိုးမည်

ချီကာဂို အောက်တိုဘာ ၇

ရုရှားနိုင်ငံသား ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံ နီကိုလေးဗာလုဗ်သည် အမေရိကန်မှစိန်ခေါ်သူ မွန်တီ ဘားရက်နှင့် ချီကာဂိုမြို့၌ မကြာမီ ထိုးသတ်ရန် စီစဉ်လျက်ရှိသည်။

အသက် ၃၃ နှစ်ရှိ ဗာလုဗ်သည် အရပ် ခုနစ်ပေကျော်ရှည်ပြီး ၇၂၃ ကို ထိုးသတ်ပြီး သရဖူကာကွယ်ထားသည်။

အနိုင်ရလို

မိမိသည် အမေရိကန်ပြည်သူများရှေ့မှောက်တွင် အကောင်းဆုံး ထိုးသတ်ပြပြီး အနိုင်ရလိုကြောင်း ရှုံးပွဲမရှိထိုးသတ်ခဲ့သော ဗာလုဗ်က ပြောသည်။

စိန်ခေါ်သူ မွန်တီဘားရက်သည် ကမ္ဘာ့ချန်ပီယံဆုတစ်ဆုမျှ မဆွတ်ခူးနိုင်သေးပေ။ ဗာလုဗ်သည် ယခင် ဆိုဗီယက်ပြည်ထောင်စုမှ လက်ဝှေ့အကျော်လေးဦးထဲမှ တစ်ဦးဖြစ်သည်။

ဟဲဗီးဝိတ်ချန်ပီယံများဖြစ်

ဗာလုဗ်သည် ဒဗလျူဘီအေ၏ ဟဲဗီးဝိတ်ချန်ပီယံဖြစ်ပြီး မက်စ်ကေ့ဗ်သည် ဒဗလျူဘီစီ၏ ဟဲဗီးဝိတ်ချန်ပီယံဖြစ်သည်။

ထို့အတူ ကလစ်ရှက်ကိုသည် အိုင်ဘီအက်ဖ်၏ ဟဲဗီးဝိတ်ချန်ပီယံဖြစ်ပြီး အယ်ယာကိုဗစ်သည် ဒဗလျူဘီအို၏ ဟဲဗီးဝိတ်ချန်ပီယံဖြစ်သည်။

ဟဲဗီးဝိတ်ချန်ပီယံ နီကိုလေးဗာလုဗ်(ဝဲ)နှင့် စိန်ခေါ်သူ ဘားရက်။

ဖော်ပြပါ ဟဲဗီးဝိတ်ချန်ပီယံလေးဦးသည် ယခင်ဆိုဗီယက်ပြည်ထောင်စုမှ ဖြစ်ကြသည်။

ယုံကြည်

သို့သော်လည်း အမေရိကန်သား ဘားရက်သည် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ စင်မြင့်တွင် အောင်ပွဲရရန် အပြည့်အဝယုံကြည်ထားသူဖြစ်သည်။

အလဲထိုး

ဗာလုဗ်သည် ၄၄ပွဲ ထိုးသတ်ခဲ့ရာတွင် ၃၂ပွဲမှာ အလဲထိုးနိုင်ခဲ့သူဖြစ်သည်။ ဘားရက်သည် အရပ်ခြောက်ပေနှင့် သုံးလက်မ မြင့်သည်။ ၎င်းသည် ၃၅ပွဲ ထိုးသတ်ရာတွင် ၃၁ပွဲ အနိုင်ရထားပြီး ၁၇ပွဲမှာ အလဲထိုးပွဲ ဖြစ်သည်။

အနိုင်ရ

အသက် ၃၅နှစ်ရှိသော ဘားရက်သည် ပြီးခဲ့သည့်ဩဂုတ်လက ဒဗလျူဘီစီကြားဖြတ် ခါးပတ်လုပွဲအဖြစ် ဟာစင်ရာမန်နှင့်ထိုးသတ်ခဲ့ရာ အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ၂၀၀၀ ပြည့်နှစ်က ကလစ်ရှက်ကိုနှင့် ထိုးသတ်ရာတွင်လည်း ရှုံးနိမ့်ခဲ့သည်။ သို့ရာတွင် ၂၀၀၁ ခုနှစ်က အိုင်ဘီအက်ဖ်နှင့် ဒဗလျူဘီအေ ချန်ပီယံဟောင်း တင်ဝစ်တာစပွန်းနှင့် ထိုးသတ်ရာ၌ အနိုင်ရခဲ့သည်။ **(အင်တာနက်)**

မန်ချက်စတာစက်ဘီးစီးပြိုင်ပွဲ ဒေးဗစ်မီလ်လာ အနိုင်ရဗိုလ်စွဲ

မန်ချက်စတာ အောက်တိုဘာ ၇

စကော့တလန်မှ ဒေးဗစ်မီလ်လာသည် မန်ချက်စတာ၌ ကျင်းပသော မီတာ ၄၀၀၀ စက်ဘီးစီးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ပန်းဝင်ခဲ့

မီလ်လာသည် အဆိုပါပြိုင်ပွဲတွင် လေးမိနစ် ၂၂ဒသမ၃၂၂စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။ ၎င်းသည် နေသဟာယ စက်ဘီးအားကစားသမား ချန်ပီယံပေါလ်မာနင်းကို ကျော်တက်ကာ ပန်းဝင်နိုင်ခဲ့ခြင်းဖြစ်သည်။ ပေါလ်မာနင်းသည် ၁၁ဒသမ၈၆၆စက္ကန့်နောက်ကျပြီးမှ ဒုတိယနေရာမှ ပန်းဝင်ခဲ့သည်။ **(အင်တာနက်)**

တတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ပူဇနီယပွဲတော် အထူးတရားပွဲ

‘သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား’ ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာအကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် ရည်စိတ်သန်၍- ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ပူဇနီယပွဲတော်ကြီးတွင် တစ်ဖက်ပါ အစီအစဉ်အတိုင်း အထူးတရားပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထား၍ တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရ (သရက်ဆရာတော်)	၁၃၆၈ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် တနင်္ဂနွေနေ့ (၈-၁၀-၂၀၀၆)
ဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဆေကိန္ဒ	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် တနင်္လာနေ့ (၉-၁၀-၂၀၀၆)
တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာအကျော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယော)ဆရာတော်	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် အင်္ဂါနေ့ (၁၀-၁၀-၂၀၀၆)
တိပိဋက ပါဠိပါရဂူ ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ-ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ဗုဒ္ဓဟူးနေ့ (၁၁-၁၀-၂၀၀၆)
စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင် ဓမ္မကထိက ဗဟုဇန ဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် ကြာသပတေးနေ့ (၁၂-၁၀-၂၀၀၆)
ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်)	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက် သောကြာနေ့ (၁၃-၁၀-၂၀၀၆)
စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt), Ph.D	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် စနေနေ့ (၁၄-၁၀-၂၀၀၆)

အထူးတရားပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်

၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့ ၂၀၀၆ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှ ၁၄ ရက်နေ့အထိ

ကျင်းပမည့်နေရာ

မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိ တန်ဆောင်းတော်ကြီး ကျောင်းကြီးတိုက် ကျောင်းကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်။

ကျင်းပမည့်အချိန်

ညစဉ်(၇း၀၀)နာရီ

ကျောင်းဆောင်သစ်အတွက် ငွေလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်တိုင်း လှိုင်မြို့နယ်နှင့် အမှတ် (၁၀)ရပ်ကွက် ရတနာသိဃ် ပရိယတ္တိစာသင်တိုက် ကျောင်းဆောင်သစ်နှင့် တိုးချဲ့မြေအတွက် အောက်တိုဘာ ၃ရက်က ဖခင်ကြီး ဦးမောင်စိန် အားရည်စူး၍ ဦးတင်ဝင်း-ဒေါ်စိန်စိန်ရီ၊ သမီး ဇင်သူသူအောင် အမှတ်(၂) ရွာမကျောင်းလမ်း၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်က အလှူတော်ငွေကျပ်တစ်သိန်း **(အပေါ်ပုံ)**၊ ဦးစောသန်း-ဒေါ်စန်းစန်းမြင့် မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်ဝင်းမာ မိသားစု အရာတော်မြို့နယ် ဟသ်ာရွာက ငွေကျပ် တစ်သိန်း၊ ဦးကျော်အောင်- ဒေါ်ငွေးရီ မိသားစု ဒီပဲယင်းမြို့နယ် မူသစ်ရွာက ငွေကျပ်တစ်သိန်းတို့ကို ပဓာနနာယက ဆရာတော်ထံတွင် ရေစက်ချလှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

၂၀၀၆ခုနှစ်ဆဋ္ဌမအကြိမ်မြောက် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲအတွက်ခြေစစ်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၇

မိုးလုံလေလုံပြိုင်ပွဲရုံ အောင်ဆန်းအားကစားပြိုင်ဝင်းတွင် အောက်တိုဘာ ၂၂ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှစတင်၍ ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲအတွက် ခြေစစ်ပွဲကို ပြိုင်ပွဲစည်းကမ်းချက်တွင်ပါရှိသည့်အတိုင်း အောက်တိုဘာ ၁၇ရက် နံနက်၉နာရီမှ စတင်ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့်နေရာအား ဆက်လက်ကြေညာမည်ဖြစ်သည်။

သတင်းပို့

ပြိုင်ပွဲဝင်ရောက်ရန် စာရင်းပေးသွင်းထားသည့် အသင်းများသည် အောက်တိုဘာ၁၅ရက် နောက်ဆုံးထားပြီး ဦးသန်းမောင် ဒုတိယဥက္ကဋ္ဌ ဖုန်း-၇၀၅၀၇၀၊ ၀၉-၈၀-၂၂၅၃၂၊ ဦးမျိုးမြင့် တွဲဖက်အတွင်းရေးမှူး ဖုန်း-၂၂၆၈၇၂နှင့် ဦးခင်မောင်မြင့် အတွင်းရေးမှူး ခြင်းလုံးအဖွဲ့ချုပ်ရုံး အောင်ဆန်းအားကစား ပြိုင်ဝင်းတို့ထံ သတင်းပို့ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် ခြေစစ်ပွဲအောင်မြင်သည့် အသင်း ၁၀သင်းအား တစ်သင်းလျှင် အားကစားဝတ်စုံ၊ ခြင်းလုံးတစ်လုံးနှင့် ပံ့ပိုးငွေကျပ်ငါးသောင်းထောက်ပံ့မည်ဖြစ်သည်။ ပြိုင်ပွဲတွင် ငွေသား ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ်ခုနစ်သောင်း၊ တတိယဆု ငွေကျပ်ငါးသောင်းချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် မန္တလေးတိုင်း ပျော်ဘွယ်မြို့ မြင်းဘက်ရပ်နေ ဒေါ်ရီရီဝင်း၊ မဇင်မာသိန်းနှင့် ဓမ္မမိတ်ဆွေများက အလှူငွေကျပ် ၄၀၆၀၀၀၊ ဒေါ်ပု ဖုန်း-၀၆၄-၄၉၁၉၀ မိသားစု၊ ဦးအိထွေး-ဒေါ်မြင့်မြင့်ရီ မိသားစု၊ ဦးလှအောင်-ဒေါ်ရင်မြ(သား) ဒေါက်တာအောင်သောင်းထိုက် (သမီး) မရီရီမြင့်(မြေး) ထိုက်ကျော်စံ မိသားစုတို့က ငွေကျပ်၁၀၀၀၀၀စီ စုစုပေါင်းလှူဒါန်းငွေ ၇၀၆၀၀၀ကို လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ် ၄၂ ပထမထပ် ဦးမျိုးသန့်၊ ဖုန်း-၂၂၀၂၄၅နေအိမ်၌ လှူဒါန်းရာ အမှုဆောင် ဒေါ်ကေသက်မော်က လက်ခံ၍ ကျောင်းအကျိုးဆောင်ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)က ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (က-ပ)

ပါဠိကာရီဆရာတော်၏ဓမ္မခရီး

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်တိုင်း သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ပါဠိကာရီ ပရိယတ္တိစာသင်တိုက်နှင့်မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ ချမ်းမြေ့နန္ဒာ ပါဠိကာရီ ပရိယတ္တိစာသင်တိုက် နှစ်တိုက်တို့၏ ဦးစီးပဓာနမဟာနာယက ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တအင်္ဂီသ ဆရာတော်သည် အောက်ပါမြို့နယ်များတွင် မဟာစည်နည်းနာနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်သည်။

သီတင်းကျွတ်လပြည့်ကျော်၃ရက် (အောက်တိုဘာ ၉ရက်) သန်လျင်မြို့ မြို့မဈေး ဗုဒ္ဓဟူးအသင်း၊ ၄ရက် (အောက်တိုဘာ၁၀ရက်) ကျောက်တန်းမြို့နယ် ကျုံကန်သုခိတာရာမကျောင်းတိုက် ကထိန်ပွဲ၊ ၈ရက် (အောက်တိုဘာ ၁၄ရက်) ပုဇွန်တောင်မြို့နယ် ကျီတော်သမာစာရိတ္တ ဆွမ်းအောင်ပွဲ၊ ၇ရက် (အောက်တိုဘာ ၁၃ရက်) ဓမ္မရက္ခိတ သစ္စဝါဒီဓမ္မာရုံ ဆွမ်းအောင်ပွဲ၊ ၉ရက် (အောက်တိုဘာ ၁၅ ရက်) ဝေဇယန္တာလမ်း ဆွမ်းအောင်ပွဲ၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ရက် (အောက်တိုဘာ ၁၆ရက်) အမတဂဝေသီဓမ္မာရုံ၌လည်းကောင်း ဒါယကာဒါယိကာမများအား နိဗ္ဗာန် ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မျိုးဆက်သစ်လူငယ် ကွင်းတွင်းစက်ဘီးစီးပြိုင်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၇

အားကစား ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် Hein Si Trading Co.,Ltd.တို့က ပူးပေါင်းကျင်းပသည့် မျိုးဆက်သစ်လူငယ် အမျိုးသား၊ အမျိုးသမီး အသက်၁၆နှစ်မှ အသက်၂၀ အကြား (ကွင်းတွင်း) အလွတ်တန်း စက်ဘီးစီးပြိုင်ပွဲကို အောက်တိုဘာ၂၁ ရက်နှင့် ၂၂ရက်တို့တွင် ရန်ကုန်မြို့ရှိ အမျိုးသား လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဝင်းရှိ သုဝဏ္ဏ စက်ဘီးလေ့ကျင့်ရေးစခန်း၌ ကျင်းပမည်ဖြစ်သည်။

အမည်စာရင်းပေးသွင်း

အဆိုပါ မျိုးဆက်သစ်လူငယ် စက်ဘီးစီးပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့်တိုင်း ကလပ်အသင်းများနှင့် တစ်ဦးချင်းတို့ပါဝင်ယှဉ်ပြိုင်ကြမည့် တစ်ဦးချင်း စက်ဘီးစီး အားကစား မောင်မယ်များသည် အောက်တိုဘာ၁၅ရက်မှ ၂၀ရက်အထိ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်အထွေထွေ အတွင်းရေးမှူး ဦးဇော်မြင့် (သုဝဏ္ဏ စက်ဘီးလေ့ကျင့်ရေးစခန်း)ထံ အမည်စာရင်းများကို ပေးသွင်းရမည်ဖြစ်သည်။

ယင်းမျိုးဆက်သစ် လူငယ်စက်ဘီးစီးပြိုင်ပွဲတွင် ဆုကြေးကို ထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်ဟောင်း စက်ဘီးအားကစား မောင်မယ်များနှင့်လက်ရှိ မြန်မာ့လက်ရွေးစင် စက်ဘီးအားကစား မောင်မယ်များ ပါဝင်ယှဉ်ပြိုင်ခွင့် မရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကယားပြည်နယ်(၁၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၇

ကယားပြည်နယ်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို လွိုင်ကော်မြို့တော်ခန်းမတွင် စက်တင်ဘာ၁၆ ရက်က ကျင်းပသည်။အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဒုတိယဗိုလ်မှူးကြီးတင်ထွန်းက ပြိုင်ပွဲအားဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှင့်အထူးဆုရရှိသူသုံးဦးနှင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ဆက်သွယ်ရေးတပ်ဖွဲ့ စစ်သည်များ အလိုရှိသည်

၁။ ဆက်သွယ်ရေးတပ်ဖွဲ့တွင် အောက်ပါပညာသည် စစ်သည်များအဖြစ် အမှုထမ်းဆောင်ရန် လျှောက်ထားနိုင်သည်–

ပညာသည်	လိုအပ်သည့်ပညာအရည်အချင်း
(က) ကွန်ပျူတာစနစ်သရုပ်ခွဲပညာ (ခ) ကွန်ပျူတာပရိုဂရမ်မာပညာ (ဂ) အီလက်ထရွန်နစ်ပညာ (ဃ) ကွန်ပျူတာအော်ပရေတာ	တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူများ၊ကွန်ပျူတာဒီပလိုမာ၊အေဂျီတီအိုင်(လျှပ်စစ်ဆက်သွယ်ရေး)၊အေဂျီတီအိုင်(လျှပ်စစ်စွမ်းအား)အောင်မြင်ပြီးသူများ။
(င) ရုံးစာရေးပညာ (စ) ဒေတာအော်ပရေတာပညာ (ဆ) ရေဒီယိုအော်ပရေတာပညာ (ဇ) ရေဒီယိုပြင်ပညာ (ဈ) လိုင်းပြင်ပညာ (ည) ဖစ်တာ(ဆက်သွယ်ရေး)ပညာ	စက်မှုလက်မှု အထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများ။
(ဋ) လိုင်းမင်း(ဆက်သွယ်ရေး)ပညာ (ဌ) ဆက်သား(ယာဉ်စီး)ပညာ (ဍ) မော်တော်ယာဉ်မောင်းပညာ (ဎ) ယာဉ်မောင်းစက်ပြင်ပညာ	အခြေခံပညာ သတ္တမတန်းနှင့် အထက်အောင်မြင်ပြီးသူများ။

၂။ ရွေးချယ်ခြင်းခံရပါက–

(က) အပိုဒ်(၁) (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) ပညာသည်များသည် သက်ဆိုင်ရာ သင်တန်း အောင်မြင်ပြီးပါက တပ်ကြပ်ကြီးအဆင့် တိုက်ရိုက်ခန့်အပ်မည်။ တပ်ကြပ်ကြီး လုပ်သက်(၃)နှစ်ပြည့်ပြီး အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပါက ဒုအရာခံဗိုလ် ခန့်အပ်ခြင်းခံရမည်ဖြစ်ပြီး ဒုအရာခံဗိုလ်(၃)နှစ်ပြည့်ပြီး အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပါက အရာခံဗိုလ်အဆင့် တိုးမြှင့်ခန့်အပ်ခြင်းခံရမည်။

(ခ) အပိုဒ်(၁) (စ)၊ (ဆ)၊ (ဇ)၊ (ဈ) ပညာသည်အများအနက်မှ အခြေခံပညာအထက်တန်းအောင်မြင်ပြီး သက်ဆိုင်ရာ သင်တန်းများ အောင်မြင်ပြီးပါက ဒုတိယတပ်ကြပ်အဆင့် တိုးမြှင့်ခန့်အပ်မည်။

(ဂ) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဗိုလ်လောင်းသင်တန်း ခေါ်ယူသည့်အခါ ဗိုလ်လောင်းသင်တန်း လျှောက်ခွင့်ပြုမည်။

၃။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား(အမျိုးသား)ဖြစ်ရမည်။

(ခ) အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း ရှိရမည်။

(ဂ) အနည်းဆုံးအရပ် (၅ပေ ၂လက်မ)၊ ရင်အုပ်ဖွင့်လျက် (၃၃) လက်မနှင့် ကိုယ်အလေးချိန် ၁၀၅ပေါင် ရှိရမည်။

(ဃ) စကားအထစ်အငေါ့ ဆွံ့အမှု မရှိစေရ၊ နားမထိုင်းရ၊ ကိုယ်လက် အင်္ဂါအစိတ်အပိုင်းများ ကောင်းရမည်။

၄။ ဝင်ရောက်အမှုထမ်းလိုသူများသည် အောက်ပါစာရွက်စာတမ်းများနှင့်အတူ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ကာကွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်နှင့် မိမိဒေသရှိ နီးစပ်ရာဆက်သွယ်ရေး တပ်ရင်း/တပ်/တပ်ခွဲတည်ရှိရာမြို့များတွင် သွားရောက်ဆက်သွယ် စာရင်းပေးသွင်းနိုင်သည်–

(က) နိုင်ငံသားစိစစ်ရေးကတ်(ရှိလျှင်)

(ခ) သက်ဆိုင်ရာ ကျောင်းအောင်လက်မှတ် မူရင်းနှင့်မိတ္တူ (သို့) အောင်မြင်သည့် အတန်း၊ မွေးသက္ကရာဇ် ဖော်ပြထားသည့် ကျောင်းအုပ်ကြီး တံဆိပ်နှင့် ထောက်ခံချက်များ။

(ဂ) မိမိနေထိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းတို့မှ ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်။

ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး။

SHANTI° Indian Cusine
(၃)နှစ်ပြည့်အထိမ်းအမှတ်နှင့်ဝါကျွတ်အထူးအစီအစဉ်

ရန်ကုန်မြို့တွင် ဘယ်မှာမှ မရနိုင်သော အိန္ဒိယအစားအသောက်မျိုးစုံနှင့် အချိုပွဲစုံလင်စွာကို ယခင် ကျပ်၄၅၀၀ အစား ၇-၁၀-၂၀၀၆ ရက်မှ ၁၂-၁၀-၂၀၀၆ရက်အထိ ကျပ် ၃၉၀၀ Net ဖြင့် စားသုံးသူများအတွက် ရှန်တီ၏ (၃)နှစ်ပြည့်အထိမ်းအမှတ်နှင့် ဝါကျွတ်အထူးအစီအစဉ်ဖြင့် ဟင်းလျာများကို ဈေးနှုန်းချိုသာစွာဖြင့် စီစဉ်ထားပါကြောင်း မိတ်ဟောင်း မိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။

ရှန်တီ (Shanti Indian Cusine)
အမှတ် ၅၁၊ ကမ္ဘာအေးဘုရားလမ်း
ဖုန်း– ၆၆၁၂၁၆။

စိတ်ထား ကြံ့ခိုင် ပန်းတိုင် ချိတက် အောင်ပွဲဆက်

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဖခင်ကြီး ရဲအုပ်ဦးဖိုးလှ(ငြိမ်း)၊ သား ဦးလှရွှေ(ဓာတ်မှန်)၊ သမီး ဒေါ်ခင်ရီတို့အားရည်စူး၍ မိခင်ကြီး ဒေါ်စောမြ(၉၄)နှစ်မြောက် မွေးနေ့အတွက် ဦးတင်ကြီး–ဒေါ်စောရွှေ၊ ဦးကျော်ထိုက်–ဒေါ်ထားရီ၊ မြေး မရည်မွန်သန့်၊ မောင်အောင်ဖြိုးကျော်ထိုက်မိသားစု အမှတ် ၁၄(စီ) အေဒီလမ်း မရမ်းကုန်းမြို့နယ်တို့က အလှူငွေကျပ်တစ်သိန်းတိတိကို နာယကဆရာတော် မိုးညှင်းအရှင်ကုန္တက က တရားဟောရေစက်ချပြီး ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဦးကျော်ဌေးက လက်ခံယူစဉ်။ (က–ပ)

ရှာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ မိုး အသင့်အတင့် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် အမှတ် ၈၅/A ရေတာရှည်လမ်း ဗဟန်းမြို့နယ်နေ ဖခင်ဦးအောင်စိုးအား ရည်စူး၍ ဇနီး ဒေါ်ခင်ကြည် သား မောင်ထင်ဇော်လတ်ကောင်းမှုအဖြစ် အလှူငွေကျပ်တစ်သိန်းကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အလုပ်သမားများ အမြန်အလိုရှိသည်

မြန်မာ့မာန်ကုမ္ပဏီလီမိတက် နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Cuppro Services Co., Ltd. မှ မလေးရှားနိုင်ငံရှိ Dontaku ကုမ္ပဏီတွင် အလုပ်လုပ်ရန် အထွေထွေလုပ်သားများ အမြန်အလိုရှိနေပါသည်။

Waiter (စားပွဲထိုး)
လုပ်သားအရေအတွက် – (၆)ဦး

Cook (ဟင်းချက်)
လုပ်သားအရေအတွက် – (၂)ဦး

Bakery (မုန့်ဖုတ်ဆရာ)
လုပ်သားအရေအတွက် (၂)ဦး

အသက်အပိုင်းအခြား	– အသက် ၂၀ မှ ၃၀
ပညာအရည်အချင်း	– အခြေခံပညာအလယ်တန်း
အခြေခံလစာ	– တစ်လလျှင်မလေးရှားရင်းဂစ်(၅၄၆)
အခြေခံလစာ(O.T+အခြား)	– ခန့်မှန်းတစ်လမလေးရှားရင်းဂစ်(၁၀၀၀)
အချိန်ပို	– မလေးရှားနိုင်ငံအလုပ်သမားဥပဒေအတိုင်း
ခွင့်ရက်နှင့်အလုပ်ပိတ်ရက်	– မလေးရှားနိုင်ငံဥပဒေအတိုင်း
အလုပ်ချိန်	– တစ်နေ့၈နာရီ

မှတ်ချက်။ ။ နိုင်ငံကူးလက်မှတ် (Passport) မရှိသေးသူများလည်း လျှောက်ထားနိုင်သည်။

အသေးစိတ်သိလိုပါက Cuppro Services Co.,Ltd. အမှတ်(၄၂/B)၊ ပဥ္စမထပ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–(၉၅၁)၅၄၁၀၀၁၊ ၅၄၅၈၉၈၊ Fax:(၉၅၁)၅၄၄၉၀၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အမွေပြတ်စွန့်လွှတ်ခြင်း

မငြိမ်းအေးလွင် (အဖ–ဦးသန်းလွင်) ၁၂/စခန(နိုင်)၀၄၇၂၇၄သည် မိခင်ခွင့်မလွှတ်နိုင်သော အပြုအမူများ ပြုမူခြင်း၊ စိတ်ဆင်းရဲအောင် ပြောဆိုပြုမူခြင်း၊ ကိုယ်ထိလက်ရောက်စော်ကားခြင်းများကို အကြိမ်ကြိမ်ပြုမူသောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

ဒေါ်စန်းစန်းရီ ၁၂/စခန(နိုင်)၀၀၄၄၃၇။

ထစ်ချုန်းမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

တွန်းဇံ-တီးတိန်လမ်းဘေးဝဲယာ ရွှေရင်အေးစပါးများစိုက်ပျိုး လက်ဖက်လျှာထားကေပြည့်မီရေး ဖလမ်း၌ ညှိနှိုင်းဆွေးနွေး စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ဖလမ်း အောက်တိုဘာ ၂

ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှသည် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးအောင်တို့ လိုက်ပါလျက် စက်တင်ဘာ ၂၁ ရက် နံနက် ၇ နာရီခွဲက တွန်းဇံမြို့ မြို့မဇဟိုသာသနာပြုဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဘုန်းတော်ကြီးကျောင်း တိုးချဲ့ဆောက်လုပ်ရေးအတွက် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် တွန်းဇံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း လက်ဖက်ခြောက် (အကြမ်းခြောက်) စတင်ထုတ်လုပ်နိုင်ရေးအတွက်ညှိနှိုင်းဆွေးနွေးသည်။

ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် တွန်းဇံ-တီးတိန်သွားကားလမ်း မိုင်တိုင်အမှတ်(၁၈)ရှိ လမ်းဘေးဝဲယာစိုက်ပျိုးထားသော ဖြစ်ထွန်းအောင်မြင်နေသည့် ရွှေရင်အေးစပါးစိုက်ခင်းများအား ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် စက်တင်ဘာ ၂၃ ရက်က တီးတိန်မြို့သို့ရောက်ရှိပြီး တီးတိန် အထက(၁)၏ တိုးချဲ့နှစ်ထပ်ကျောင်း ဆောင်ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးရေး၊ ပစ္စည်းများ အလေအလွင့်မရှိရေး၊ စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့သည်။

၎င်းနောက် ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် တီးတိန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိ ရပ်ဖများနှင့်တွေ့ဆုံ၍ လက်ဖက်စိုက်ပျိုးမှု လျှာထားကေ ပြည့်မီစွာစိုက်ပျိုးရေး၊ ဒေသဝမ်းစာ ဖူလုံရေး၊ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေးကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းသည်။

ညှိနှိုင်း

ယင်းနောက် ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် စက်တင်ဘာ ၂၄ရက် နံနက် ၁၀နာရီက ဖလမ်းမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ရပ်မိ ရပ်ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပြီး လက်ဖက်ခြောက်(အကြမ်းခြောက်) ထုတ်လုပ်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များ ဆောင်ရွက်ပေးသည်။ ၎င်းနောက် ပြည်နယ်ဥက္ကဋ္ဌသည် ဖလမ်းမြို့နယ် လက်ဖက်စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

သထုံမြို့ ရွှေစာရံစေတီတော်ဝင်း၌ ဓမ္မပိမာန်တည်ဆောက်ရေး ဩဝါဒခံယူပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

သထုံ အောက်တိုဘာ ၂

သထုံမြို့ ရွှေစာရံစေတီတော်ဝင်းအတွင်းရှိ ဒေါ်ခန္တီဓမ္မာရုံ ဓမ္မပိမာန်တော်အဆင့်ဖြစ်မြောက်ရေး ဩဝါဒခံယူပွဲနှင့် ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ၂၀ရက် နံနက်၁၀နာရီက ဒေါ်ခန္တီဓမ္မာရုံတွင်ကျင်းပသည်။

ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်ရွှေနှင့် ဇနီးမိသားစုက လှူဒါန်းငွေကျပ်ငါးသိန်းနှင့် ကျိုက်ထိုမြို့ တပ်နယ်မိသားစုက ငွေကျပ် ၁၅ သိန်းတို့ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မြတ်စိုးကလှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးသော်ဇင်က လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုလွှာ

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၅ သိန်းကို ခရိုင်ဥက္ကဋ္ဌက လည်းကောင်း၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးသော်ဇင်နှင့် ဇနီးမိသားစုက ငွေကျပ်သိန်း ၂၀ **(အပေါ်ပုံ)**၊ ဗိုလ်မှူး သောင်းဝင်းနှင့် ဇနီး မိသားစုက ငွေကျပ်ငါးသိန်းကိုလည်းကောင်း လှူဒါန်းရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မြတ်စိုးက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်သွယ်နိုင်

ယင်းနောက် အလှူရှင် ၅၁ ဦးတို့၏ လှူဒါန်းငွေ ကျပ် ၁၄၁ သိန်းကို ရွှေစာရံစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဟိန်ပေါ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ အလှူရှင်များ လှူဒါန်းလိုပါက ရွှေစာရံစေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း ၀၅၇-၄၀၀၈၀ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(ခရိုင် ပြန်/ဆက်)

မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် အဖွဲ့ ဝန်ထမ်းများ၊ ရပ်ကွက်နေ ပြည်သူများဖြင့် စုပေါင်း၍ ရေမြောင်းများ တူးဖော်ရှင်းလင်းဆောင်ရွက်ရာ စက်တင်ဘာ ၁၉ ရက်က ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်မော်မော်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးရွှေစိုးတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် စက်တင်ဘာ ၂၁ ရက်က မင်းပြားမြို့ မြို့ပြကတ္တရာလမ်းခင်းဆောင်ရွက်မည့် ဘုရားတကာလမ်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (က-ပ)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဟသ်ာတ၌ကျင်းပ

ဟင်္သာတ အောက်တိုဘာ ၄

(၄၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၈နာရီက ဟင်္သာတမြို့ မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပရာ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ပညာရေးတွင် ထူးချွန်သည့် ရဲတပ်ဖွဲ့ဝင်တို့၏ သားသမီးများ၊ မှုခင်းပိုင်း၊ စည်းရုံးရေးပိုင်း၊ စည်းကမ်းပိုင်းတို့တွင် ထူးချွန်အောင်မြင်စွာ ဆောင်ရွက်နိုင်သော တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကူညီဆောင်ရွက်ခဲ့သော ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်သူများ စုပေါင်း ၄၅၀ ဦး တက်ရောက်ကြသည်။

ဂုဏ်ပြု

အခမ်းအနားတွင် ဟင်္သာတခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်သန်းက အဖွင့်အမှာစကား ပြောကြားကာ (၂၀၀၅-၂၀၀၆)ပညာသင်နှစ် အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော တပ်ဖွဲ့ဝင်များ၏သားသမီးငါးဦးအပါအဝင် မှုခင်းပိုင်း၊ စည်းရုံးရေးပိုင်း၊ စည်းကမ်းပိုင်းတို့၌ ထူးချွန်စွာ ဆောင်ရွက်ခဲ့သော တပ်ဖွဲ့ဝင်များ၊ ပူးပေါင်းကူညီ ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရာ စက်တင်ဘာ ၁၆ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များရေရှည်တည်တံ့ရေး စာအုပ်များမှတ်တမ်းပြုစုမှု ကလေးဝမြို့၌ လက်တွေ့ပြသ

ကလေးဝ အောက်တိုဘာ ၁

ကလေးဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ မှတ်ပုံတင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၁ ရက်အထိ နန်းဇလိန်၊ ရွာသာ၊ မထု၊ ပန်းချီစု၊ ယောစု၊ ခေါင်းတီး၊ ခုန်ကြီး၊ မစိန်၊ ကျော်ဇင်ကျေးရွာနှင့် သစ်ချောက်ကျေးရွာအုပ်စုရှိ ကျေးရွာများသို့သွားရောက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက မှတ်ပုံတင်စာကြည့်တိုက်များဖြစ်မြောက်ရေး ဆွေးနွေးဟော ပြောသည်။

ထို့နောက် ရပ်သံ(၃)ဦးစံလှထွန်းနှင့် စာထောက်(၃)ဒေါ်ကေသီခိုင်တို့က စာကြည့်တိုက်အသင်းဝင်များ၊ စာအုပ်များ မှတ်တမ်းရေးသွင်းခြင်း၊ စာအုပ်ငှားသူနှင့် စာဖတ်သူများ စနစ်တကျမှတ်တမ်းပြုစုခြင်းတို့ကို လက်တွေ့ပြသဆောင်ရွက်သည်။

ကွင်းဆင်း

ဆက်လက်၍ ကျေးရွာများသို့ ကွင်းဆင်းပြီး စာကြည့်တိုက်များ မှတ်ပုံတင်ရေးကို ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။ **(၄၁၇)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ရက်
၉-၁၀-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသမီး အဆိုပြိုင်ပွဲဝင်များ လေ့လာရန် (ခေတ်ဟောင်းနှင့်ကာလပေါ်တေးများ)**
(၁) တေမိယ (မေရှင်)
- အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသား လေ့လာရန်(ခေတ်ဟောင်းနှင့် ကာလပေါ်တေးများ)
(၂) အမေ့ပါးကသနပ်ခါး (တွံတေးသိန်းတန်)
(၃) ဆုတောင်းပတ္တနာ (ကိုညွန့်လွင်)

၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (စိုက်စနစ်များသတိထား) (ဒေါက်တာ ချစ်)

၁၁း၄၀ သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံနှင့် နည်းပညာတိုးတက်မှုတချို့အကြောင်း) (သိပ္ပံမှူးတင်)

၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၂း၂၅ အားကစားသတင်းပဒေသာ

၁၂း၃၅ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပညာရှင်အဆင့် အဆိုပြိုင်ပွဲဝင်များလေ့လာရန် (မဟာဂီတသီချင်းကြီးများ)**
(၁) မင်းခမ်းတော်စုံ (သီချင်းခံ) (မြင့်မြင့်စိန်)
(၂) ဇမ္ဗူကျွန်းလုံး(သီချင်းခံ) (ဒေါ်ကြည်ကြည်ဝင်း)

၁၃း၁၀ ပညာရေးအစီအစဉ် (ဒုတိယတန်း-ဘဝတွက်တာကျွမ်းကျင်စရာ) (ဆေးလိပ်မီးခိုး)

ညနေပိုင်း

၁၆း၁၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
(၁) သဘာဝသာတဲ့ မောင်တို့ရွာ (တွံတေးသိန်းတန်)
(၂) တောပန်းစံပယ် (စမ်းစမ်းအေး)
(၃) ပန်းညိုစုံတွဲ (ရဲဘော်ခင်မောင်လှ-သန်းသန်းဆင့်)

၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (စွယ်စုံအသုံးဝင် ထန်းတစ်ပင်) (ဒေါ်သန်းသန်းမာ-ကထိက)

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
Better English

၁၉း၁၅ ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း (ရွှာစားကြီး ဦးစိန်နွဲ့ဆိုင်းအဖွဲ့၊ ရွာစားကြီး မြင်းခြံစိန်ဘဟန်ဆိုင်းအဖွဲ့နှင့် ရွာစားကြီး စိန်လှမြိုင်ဆိုင်းအဖွဲ့တို့၏ ဆိုင်းပဒေသာ

၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ဘယ်ယောကျ်ားမှ စကားမပြောနဲ့ (ဟင်္သာတထွန်းရင်)
(၂) တောသူအချစ် (ပန်တျာ တင်တင်မြင့်)
(၃) အုန်းစက်ပါ ဘုန်းလက်ယာဝယ် (ကိုကျော်ညွန့်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက် ကျောဘက်ကပ်လျက်တိုးချဲ့ မြေနှစ်ကေ ဝယ်ယူရန်အတွက် ဖခင် ဦး ကြင် စွမ်–မိခင် ဒေါ်ထွေးကြည်တို့အား ရည်စူး၍ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလတိုက်ဟောင်း(၁)အခန်း(၁၉)နေ သမီးဒေါ်မော်မော်အေးမိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

သိန်းနီမြို့၌ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆောင်ရွက်ရန်နည်းလမ်းနှင့် လုပ်ငန်းစဉ်များဆွေးနွေး

သိန်းနီ အောက်တိုဘာ ၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် စက်တင်ဘာ ၂၅ရက်က သိန်းနီမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ သိန်းနီမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည့်အချက်များ၊ နည်းလမ်းများ၊ လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားခဲ့သည်။ **(အောက်ပုံ)**

ရှင်းလင်းဆွေးနွေး

ထို့နောက် သိန်းနီမြို့နယ်အတွင်းရှိ ကောင်းလောက်စောက်ကျေးရွာ ပညာ့အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၊ ပန်စုံကျေးရွာ ပညာ့အလင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၊ ပိန်းဆာကျေးရွာ ပညာ့အလင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် မိုင်းလီကျေးရွာ ပညာ့အလင်းစာကြည့်တိုက်များသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ စာကြည့်တိုက်များ ရေရှည် တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းဆောင်ရွက်ရေးကိစ္စများကို ကျေးရွာစာကြည့်တိုက်မှူးနှင့် အမှုဆောင်များအား ရှင်းလင်း ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

လားရှိုးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ် ဓမ္မစကြာရွတ်ပြိုင်

လားရှိုး အောက်တိုဘာ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် အမျိုးသမီးရေးရာ အဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၆၈ ခုနှစ် အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ခရိုင်အတွင်းရှိ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ ခရိုင်အဆင့် တတိယအကြိမ် ဓမ္မစကြာ ရွတ်ဆိုပြိုင်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၇ နာရီက လားရှိုးမြို့သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့လားရှိုးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ချီးမြှင့်

ထို့နောက် ခရိုင်အဆင့် ဓမ္မစကြာ ရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရ လားရှိုးမြို့ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ၏သာသနာ့ဝေပုလ္လအသင်း၊ ဒုတိယဆုရ လားရှိုးမြို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းနှင့် တတိယဆုရ တန့်ယန်းမြို့နယ်အသင်းတို့အား ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး သန်းထွန်းက ဆုများပေးအပ်ချီးမြှင့်ပြီး အထူးဆုများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေပြုံးက ပေးအပ်ချီးမြှင့်သည်။ **(ခရိုင် ပြန်/ဆက်)**

ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မင်္ဂလာဈေးအတွင်း ဈေးသူ ဈေးသားများနှင့် အဖွဲ့ ဝန်ထမ်းများ ပူးပေါင်း၍ စပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ စက်တင်ဘာ ၁၄ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရန်မျိုးအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ ဦးဇော်မင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဖျာပုံမြို့ ဈေးဆိုင်များ၌ ဆားများရောင်းချမှုစစ်ဆေး

ဖျာပုံ အောက်တိုဘာ ၁၀

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဦးစီးအရာရှိဦးသီဟထွန်း ဦးဆောင်လျက် ဒုတိယဦးစီးမှူး(ဈေး)ဒေါ်တင်မြိုင်နှင့်ဈေးအဖွဲ့ဝန်ထမ်းများ အောက်တိုဘာ ၂ ရက်က ကျန်းမာရေးဦးစီးဌာန မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့တို့မှ တာဝန်ရှိသူများနှင့်အတူ စည်ပင်သာယာဈေးကြီးရှိ ဈေးဆိုင်များတွင် ရောင်းချနေသည့် ဆားများ၌ အိုင်အိုဒင်းပါဝင်မှု ရှိမရှိစစ်ဆေးခြင်းနှင့်အိုင်အိုဒင်းပါဝင်သော ဆားများကိုသာ ရောင်းချရေး ကြီးကြပ်ဆောင်ရွက်ကြသည်။ **(အောက်ပုံ)** (၁၅၈)

ကျောင်းကုန်းမြို့ အမှတ်(၁)အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ကျောင်းကုန်း အောက်တိုဘာ ၅

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူဟောင်းများက ပညာရေးအလှူရှင်ဂါဒီယန်ဦးစိန်ဝင်းအပါအဝင် ၁၉၅၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် ၆၀အထက် အငြိမ်းစားဆရာကြီး ဆရာမကြီး ၇၀တို့အား (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၁၄ ရက် (အမျိုးသားနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံဆရာကြီးဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန်နှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှိုးဆော်ထားပြီး အလှူငွေများကို ရန်ကုန်မြို့ ဦးရဲမြင့် ဖုန်း–၂၄၀၃၄၆၊ဦးလေးမောင် ဖုန်း–၂၉၂၅၄၈၊ ဒေါ်တင်ကြည် ဖုန်း–၂၈၅၈၈၅ နှင့် ကျောင်းကုန်းမြို့ ဒေါ်လှလှချို(အထက–၁) ကျောင်းအုပ်ဆရာမကြီး၊ ဦးသာရွှေ ဖုန်း–၀၄၆–၄၀၂၀၀၊ ဦးကြည်ထွန်း ဖုန်း–၀၄၆–၄၀၁၉၂ နှင့် ဦးသန်းငွေး ဖုန်း–၀၄၆–၄၀၂၃၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၂၆၅)

မြို့နယ် သတင်းများ

သာယာဝတီမြို့နယ်၌ စပါးသီးနှံပိုးမွှားကာကွယ် ခေတ်မီနည်းစနစ်များလိုက်နာရေး ရှင်းလင်း

သာယာဝတီ အောက်တိုဘာ ၁

သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာ တောင်သူဦးသန်းဦး၏ လယ်မြေ လေးဧကတွင် စပါးသီးနှံပိုးမွှားရောဂါ ကာကွယ်ရေးပညာပေး သရုပ်ပြပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၈ နာရီခွဲ၌ ကျင်းပသည်။

ပညာပေးသရုပ်ပြပွဲသို့ ဒုတိယရဲမှူး သက်ထွန်း၊မြို့နယ်အတွင်းရေးမှူး ဦးသန်းအောင်၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစောမျိုးဇင်ချစ်နှင့် ဝန်ထမ်းများ၊တောင်သူလယ်သမားများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

သရုပ်ပြပွဲတွင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးသန်းဦးက လက်ရှိဖြစ်ထွန်းအောင်မြင်လျက်ရှိသော စပါးခင်းများတွင် သီးနှံပိုးမွှားရောဂါကျရောက်မှု အန္တရာယ်မှ ကာကွယ်နှိမ်နင်းနိုင်ရန် ခေတ်မီ ကာကွယ်မှုနည်းစနစ်များကို တောင်သူများလိုက်နာရေး ရှင်းလင်း ဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မြို့နယ်မန်နေဂျာ ဦးစောမျိုးဇင်ချစ်က ခေတ်မီသီးနှံကာကွယ်ရေးစနစ်များနှင့် ပိုးမွှားရောဂါများအကြောင်းကို ရှင်းလင်း ဆွေးနွေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သာဂရကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာ ၂၈ရက်က ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်ဝင်းက ဆုရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ဆည်မြို့၌ ဂါလန်သုံးထောင်ဆံ့ ရေကန်တည်ဆောက်

ကျောက်ဆည် စက်တင်ဘာ ၃၀

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ ရက်က ကျောက်ဆည်မြို့ တံတားလည်ရပ် ဂါလန်သုံးထောင်ဆံ့ အများသုံးရေကန်ကို တန်ဖိုးငွေကျပ် ၁၀၇၀၀၀၀ ဖြင့် ဆောင်ရွက်ခြင်းကို အဖွဲ့အင်ဂျင်နီယာမှူးဦးကျုံးလျန်ဗွိုင်းနှင့် အင်ဂျင်နီယာများက ဆောင်ရွက်ရာအမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဖခင်အမည်မှန် တောင်ကြီးမြို့ အထက(၅)တက္ကသိုလ်ဝင်တန်း(E)မှ မောင်အောင်ကျော်ဦး၏ ဖခင်အမည်မှန်မှာ ဦးမိုင်ရွှန်းဖြစ်ပါကြောင်း။ **ဦးမိုင်ရွှန်း။**

ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

ဇနီးဖြစ်သူ ဒေါ်နန်းလွန်း ၁၃/တကန(နိုင်)၀၈၂၉၅၈ သည် ခင်ပွန်းဖြစ်သူကျွန်ုပ်အား ကိုယ်စိတ်ဆင်းရဲအောင် မရိုမသေအကြိမ်ကြိမ်ပြုမူ လုပ်ဆောင်သည်ဖြစ်၍ ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့် ကျွန်ုပ်သည် မည်သို့မျှ သက်ဆိုင်ခြင်းမရှိကြောင်း ကြေညာပါသည်။ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဦးထွန်းအောင်
၁၃/တကန(နိုင်)၀၈၂၉၆၄
အမှတ် ၁၀၁ ဂန္ဓမာလမ်း၊ ရွှေတောင်ရပ်၊ တောင်ကြီးမြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ မနလ အမှတ် ၄၄၂၉၇၉ ရက်စွဲ ၂၀-၁၂-၂၀၀၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပေးပို့ပါက ကျေးဇူးဆပ်ပါမည်။
အောင်ဇော်ထွန်း ဖုန်း-၅၅၉၆၁၇။

အမည်ပြောင်း

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း အထကတက္ကသိုလ်ဝင်တန်း(D)မှ အဖ ဦးအေးကျော်စိန်၏သား မောင်ဦးရွှေသောင်းအား မောင်ထွန်းအေးကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထွန်းအေးကျော်။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၁၈၆၇ ယာဉ်အမျိုးအစား နီဆန်းဒီဇယ် ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်တင်ငွေး မှတ်ပုံတင်အမှတ် ၁၃/ရစန(နိုင်)၀၂၄၀၇၆ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး၊ တောင်ကြီး။**

ဝိသိဋ္ဌဝိနယဝိဒူဘွဲ့ရ သီလရှင်အားဂုဏ်ပြု

နတ်တလင်း အောက်တိုဘာ ၁

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ရွာမရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် မဟာစည် သာသနာ့ရိပ်သာ သာသနာ့နုဂ္ဂဟအဖွဲ့တို့ ပူးပေါင်း၍ (၁၄)ကြိမ်မြောက် နိကာယ်စာမေးပွဲ၌ ဝိနယပိဋကဝိနည်းငါးကျမ်းကို မြန်မာတစ်ပြည်လုံးသီလရှင်များအနက် အမှတ်အများဆုံးဖြင့် ပထမရရှိ အောင်မြင်သော ဝိသိဋ္ဌဝိနယဝိဒူဘွဲ့ရ ဆရာလေးမပုညဝတီအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ရက် နံနက်ဈနာရီက နတ်တလင်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ ဝိပဿနာဓမ္မာရုံ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အလှူငွေကျပ်လေးသောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်သုံးသောင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်သုံးသောင်း၊ ရွာမရပ်ကွက် ပြည်သူများက စုပေါင်း လှူဒါန်းငွေကျပ် တစ်သိန်း၊ မြန်မာ့အားမာန် အထွေထွေ စီးပွားရေးလုပ်ငန်းစုက ငွေကျပ် တစ်သိန်း၊ ပေါင်းတည်မြို့ မှတ်တိုင်လမ်း ဦးတင်မောင်ကြည်-ဒေါ်နီနီထွေး မိသားစုက အလှူငွေကျပ်တစ်သိန်းခြောက်သောင်း **(အပေါ်ဝဲပုံ)**နှင့်ရပ်ဝေးရပ်နီးမှဒါယကာ၊ ဒါယိကာမများက စုစုပေါင်းငွေကျပ်လေးသိန်း ခြောက်သောင်း လှူဒါန်းချီးမြှင့်ခဲ့ကြသည်။**(မြို့နယ် ပြန်/ဆက်)**

ရွှေဘိုမြို့ မြင်းသီ-ဘောင်းကျလမ်းကို မြေတူးစက်ကြီးဖြင့် မြေသားပြုပြင် ဆောင်ရွက်မှုကို စက်တင်ဘာ ၂ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်သူ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ် စည်ပင်)

ကြေးပိဋကတ်တော် ပြုလုပ်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၇

မြတ်ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ တည်တံ့ရန် ဘုရားဟော ပိဋကတ်ကျမ်းစာတော်များကို ခေတ်မီသောနည်းပညာရပ်တို့ဖြင့် ကြေးပြားတွင် အက္ခရာရေးထွင်းလျက် ဝိနည်းပိဋက နောက်ဆုံးပဉ္စမကျမ်းစာအုပ် ပရိဝါရပါဠိတော်အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ) အရှင်မြတ်ထံ ပုသိမ်မြို့ (၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မရမ်းချိုလမ်းနေ ဒေါ်ကြင်ရွှေ၊ လှိုင်မြို့နယ် သမိုင်း(၁၂)ရပ်ကွက် အောင်ဓမ္မရိပ်သာလမ်းနေ ဦးဟုတ်စိန်-ဒေါ်ကြင်ကြင် မိသားစု၊ ဗဟန်းမြို့နယ် ဆရာစံတောင် စံပြရပ်ကွက်နေ ဖခင်ကြီး ဦးခင်မောင်အားရည်စူး၍ ဒေါ်ကြင်နု၊သမီး ဒေါ်စမ်းစမ်း၊ ဒေါက်တာလှလှ၊ သား မောင်မောင်အေး မိသားစု၊ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သမာဓိလမ်းနေ ဦးအေးကို-ဒေါ်ခင်ခင်သောင်း၊ သား မောင်လှမျိုးအေး၊ မောင်ကျော်စိုးလင်း၊ သမီး မဆွေဆွေဝင်း၊ မြေး မဆုပြည့်ဖြိုးပိုင်မိသားစု၊ လသာမြို့နယ် လသာလမ်းနေ ဒေါ်မေသက်ခိုင်၊ မနော်တိုး မိသားစု၊ ဒေါက်တာစိုးခိုင် - ဒေါက်တာ လဲ့လဲ့ဝင်း၊ သား မင်းသော်ခန့်၊ သမီး မလင်းလက်တာရာ မိသားစု၊ တာမွေမြို့နယ် မအူကုန်းလမ်းကျယ်နေ ဒေါ်နုနု၊ ဦးလှူလွှန်ဖောင်-ဒေါ်အုန်းမြင့်ရီ၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်သန်းသန်းဝင်းနှင့် မောင်နုမများ(နန်းဒေဝီမိသားစု)တို့က ကြေးပြားတစ်ချပ်စီ၊ ကမာရွတ်မြို့နယ် လှည်းတန်း ၇လမ်းနေ ဦးထွန်းရှိန်-ဒေါ်မေစီမိသားစု၊ ရန်ကင်းမြို့နယ် သုခဝတီလမ်းနေ ဦးဘရှင်-ဒေါ်ခါ၊ ဦးကျော်အန့်-ဒေါ်အေးကြိုင်တို့အား ရည်စူး၍ ဒေါ်အေးစိန် မိသားစုတို့က ကြေးပြားနှစ်ချပ်စီ လာရောက်လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၁၈၀၀၀နှုန်းဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

(၇၆)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၇

အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံဂုဏ်ပြုသောအားဖြင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (ဂ)အဆင့်ချောက်မြို့မှ မန်နေဂျာ ဦးသန်းဝင်း **(အပေါ်ပုံ)**သည် အောက်တိုဘာ ၁ ရက်က မကွေးတိုင်း ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ခွဲသို့ (၇၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဆောက်လုပ်ဆဲ သိမ်တော်ကြီးအတွက် လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၇

မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာလမ်း ညရပ်ကွက်ရှိပြည့်စုံအေး မဟာစည်ရိပ်သာတွင် တောင်ငူဆရာတော် ဘဒ္ဒန္တသုဇာတက ကြီးမှူးဆောက်လုပ်လျက်ရှိသော ဝိသုံဂါမအတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၄ ရက်က အဆိုပါ ကျောင်း၌ကျင်းပရာ ရန်ကုန်မြို့ အင်းစိန်ဘူတာရုံလမ်းနေ ဒုတိယဗိုလ်မှူးကြီး ခင်မောင်အေး (ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး၊ မွေး/ရေ)-ဒေါ်ညွန့်တင် (AE ဆောက်လုပ်ရေး) မိသားစုက ငွေကျပ် ၆ သိန်း၊ လမ်းမတော်မြို့နယ် ၁၄ လမ်းနေ ဦးကျော်ညွန့်-ဒေါ်ခင်နွယ်ဦး၊ သား ကိုဖြိုးကျော်ဦး မိသားစုက ငွေကျပ် ၁၀ သိန်း၊ အနော်ရထာလမ်း ပြည့်စုံတည်းခိုခန်းပိုင်ရှင် ဦးသန်းဇော် (ကထိက-ငြိမ်း)-ဒေါ်ခင်လတ်(စာရင်းစစ်-ငြိမ်း)မိသားစုက ငွေကျပ် ငါးသိန်းနှင့် မရမ်းကုန်းမြို့နယ် ၇မိုင် သလ္လာဝတီလမ်းနေ ဒေါ်ကျော့အိမ်၊ ဒေါ်အမာမောင်နှမတစ်စုက ငွေကျပ်၇သိန်း၊ တောင်ငူမြို့ နဂါးရုံဘုရားလမ်းနေ (ဦးကျစ်လင်)-ဒေါ်မြရင် မိသားစုက ငွေကျပ်နှစ်သိန်း၊ မြောက်ဥက္ကလာပ သုဓမ္မာလမ်း(ဇ)ရပ်ကွက်နေ ဦးစိုးဝင်း-(ဒေါ်ညို)မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်းကို ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်က လက်ခံရယူသည်။

လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် အဆိုပါရိပ်သာ ဖုန်း-၀၁-၆၉၀၀၃၅ နှင့် ငွေကျပ်သိန်း ၁၀၀ မတည်အလှူရှင် ဒေါ်ချော ဖုန်း-၀၉၅-၀၁၈၇၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(၀၄၆)**

ဆုချီးမြှင့်

စက်တင်ဘာ ၁၆ ရက်က ကျောက်တံတားမြို့နယ် အမှတ် (၁) အလက ကျောင်းခန်းမ၌ မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမောင်းက အလှူငွေပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေ လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

ဆက်ကပ်လှူဒါန်း

မော်လမြိုင်မြို့ သာမည-မိုးကုတ် ဝိပဿနာဈေးကြိုဆန်တန်းကျောင်းသစ်ကျောင်း၌ ငွေကျပ်သိန်း ၂၅၀၀ကျော် အကုန်အကျခံ တည်ဆောက်လျက်ရှိသော အလိုတော်ပြည့်ဓမ္မာရုံ တည်ဆောက်ရန်အတွက် (၄၅) ကြိမ်မြောက် တရားစခန်းအောင်ပွဲတွင် ယောဂီများ စုပေါင်းလှူဒါန်းသောအလှူတော်ငွေကျပ်သိန်းပေါင်း ၁၁၀ကို ဦးစီးပဓာန နာယက ကမ္မဋ္ဌာနာစရိယ တစ်ဘ၀သာသနာ့ဆရာတော် အရှင်သောဘန B.Sc (Phy;) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

စာကြည့်တိုက်အဆောက်အအုံသစ် တည်ဆောက်ရေး ရွေ့လုပ်ငန်းစဉ်များ မိတ္ထီလာမြို့၌ ညှိနှိုင်းစည်းဝေး

မိတ္ထီလာ စက်တင်ဘာ ၃၀

မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းသည် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာကြည့်တိုက် အဆောက်အအုံသစ်များ တည်ဆောက်နိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်းကို စက်တင်ဘာ ၉ရက် နံနက် ၉နာရီက မလှိုင်မြို့နယ် သပြေပင်ကျေးရွာ ရေကမိုးကျေးရွာနှင့် လယ်တကောင်းကျေးရွာရှိ စာကြည့်တိုက်များ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေး

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိသည် မလှိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့် ဝန်ထမ်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ကျေးရွာစာကြည့်တိုက်ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်များ တည်ဆောက်နိုင်ရေးအတွက် ရွေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

အိုင်အိုဒင်းဆားစစ်ဆေး

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကညွတ်ကွင်းဈေးတွင် အိုင်အိုဒင်းဆားရောင်းချမှု ရှိ မရှိကို စက်တင်ဘာ ၂၄ ရက်က ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများပူးပေါင်းဆောင်ရွက်ရာ ဦးစီးအရာရှိ ဦးအောင်သန်း ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ် စည်ပင်)

ဘုန်းတော်ကြီးပညာသင်ကျောင်း ပန္နက်တင်၊ အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရတနာကိုးပါးငွေကြုတ်ကို ထည့်သွင်းမြှုပ်နှံပေး

ရန်ကုန် အောက်တိုဘာ ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်၇နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ရွှေပြည်သာလမ်း အမှတ်(၁၁)ရပ်ကွက်ရှိ ဘုန်းတော်ကြီးပညာသင်ကျောင်းဆောက်လုပ်ခြင်း ပန္နက်တင်၊ အုတ်မြစ်စီ မင်္ဂလာအခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ပန္နက်တော်တင်ပေးပြီး ရတနာကိုးပါး ရတနာငွေကြုတ်ကို အုတ်မြစ်တော် အလယ်ဗဟို၌ ထည့်သွင်းမြှုပ်နှံ ပေးကာ အလှူငွေများကို လက်ခံသည်။

ငါးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အရိယာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိသူများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ပရိတ်သဲ၊ ပရိတ်ချည်တို့ကို ဆရာတော်ကြီးထံ ဆက်ကပ်ကြသည်။

ပက်ဖျန်းချည်နှောင်

ထို့နောက် ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်ကို **စာမျက်နှာ ၈ ကော်လံ ၃** ■

မြန်မာနိုင်ငံ၏နေရာဒေသအနှံ့အပြား၌ တိုးတက်ဖွံ့ဖြိုးမှုများရရှိ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နိုင်စရာအကြောင်းမရှိ

အမေရိကန်၏ ကုလသမဂ္ဂကိုအသုံးချပြီး ပြည်တွင်းရေးစွက်ဖက်မှု ကချင်ပြည်နယ် အထူးဒေသ(၁)မှ လက်မခံ၊ ရှုတ်ချကန့်ကွက်

နေပြည်တော် အောက်တိုဘာ ၇

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ကချင်ပြည်နယ် အထူးဒေသ(၁) (NDAK)အဖွဲ့အစည်းက သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ၂၆ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါသဘောထား ထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ကချင်ပြည်နယ်အထူးဒေသ(၁) (NDAK) အဖွဲ့အစည်း၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၆ခုနှစ် စက်တင်ဘာလ (၂၆)ရက်

၁။ အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုအသုံးချပြီး မြန်မာနိုင်ငံ၏အခြေအနေအား ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်သည်ဟူသော စွပ်စွဲချက်ဖြင့် လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် ၂၀၀၆ခုနှစ် စက်တင်ဘာ၁၅ရက်တွင် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

၂။ ဤဆုံးဖြတ်ချက်သည် အမေရိကန်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကြိုးပမ်းမှု၊ ပြည်ထောင်စုမပြိုကွဲရေးကာကွယ်စောင့်ရှောက်မှုနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာပိုင်ဆိုင်မှု မဆုံးရှုံးရေးထိန်းသိမ်းစောင့်ရှောက်မှုတို့ကို ထိပါးလာခြင်းဖြစ်သည်။

၃။ နိုင်ငံတော်အစိုးရနှင့်ပြည်သူတစ်ရပ်လုံးက လမ်းစဉ်(၇)ရပ်အရ အမျိုးသားညီလာခံကျင်းပပြီး နိုင်ငံတော်၏အနာဂတ်ကို မိမိတို့နိုင်ငံသားများကိုယ်တိုင် ဆုံးဖြတ်ရေး ကြိုးပမ်းနေမှုကိုလည်း စွက်ဖက်ဖျက်ဆီးပစ်ရန် ကြံရွယ်ခြင်းဖြစ်သည်။

၄။ ကျွန်ုပ်တို့ ကချင်ပြည်နယ် အထူးဒေသ(၁)အနေဖြင့် နားလည်ခံယူထားသည့်အချက်မှာ မြန်မာနိုင်ငံသည် ယခုအခါတွင် အဘက်ဘက်မှ တည်ငြိမ်အေးချမ်းမှုရှိနေပြီး အစိုးရနှင့်တိုင်းရင်းသားအားလုံးစုပေါင်း၍ ကြိုးပမ်းတည်ဆောက်မှုကြောင့် ပြည်တွင်းနေရာဒေသအနှံ့အပြား၌ တိုးတက်ဖွံ့ဖြိုးအောင်မြင်မှုများ ရရှိခံစားနေရပြီဖြစ်သဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို မည်သို့မျှခြိမ်းခြောက်နိုင်စရာအကြောင်း မရှိပါဟူ၍ဖြစ်သည်။

၅။ သို့ဖြစ်၍ အမေရိကန်၏ ဤသို့စွက်ဖက်လုပ်ဆောင်လာမှုသည် နိုင်ငံတော်တွင် ရရှိပြီးသော တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီစနစ် ကျင့်သုံးရေးဖော်ဆောင်နေမှုများကို နှောင့်ယှက်စွက်ဖက်ဖျက်ဆီးရန် ကြံရွယ်လုပ်ဆောင်လာခြင်းဖြစ်သည်ဟု ခံယူပါသည်။

၆။ ထို့ကြောင့် အမေရိကန်အစိုးရအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်မှုအား လက်မခံကြောင်းနှင့် ရှုတ်ချကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

ဦးစခုန်တိန့်ယိန်း
ငြိမ်းချမ်းရေးနှင့်အမျိုးသားစည်းလုံးညီညွတ်ရေးကောင်စီ
ကချင်ပြည်နယ်အထူးဒေသ(၁)၊ ပန်ဝါ

လှူဒါန်းငွေ လက်ခံ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှိုင်သာယာမြို့နယ် ဘုန်းတော်ကြီး ပညာသင်ကျောင်းအတွက် အလှူရှင်များထံမှ လှူဒါန်းငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

အောက်တိုဘာ ၇ ရက်၌ မိုးရွာသွန်းလေသမျှ

နေပြည်တော်	၀ ဒသမ၁၂လက်မ
မြစ်ကြီးနားမြို့	၅ဒသမ၈၇လက်မ
မိုးကုတ်	၃ဒသမ၅၄
ကလေးဝ	၂ဒသမ၈၄
သီပေါ	၂ဒသမ၆၄
ကိုကိုးကျွန်း	၁ဒသမ၉၃
ကျောက်တော်	၁ဒသမ၈၅
ကန့်ဘလူ	၁ဒသမ၅၇
မြင်းခြံ	၀ဒသမ၇၅